ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ (22-10-2013) (၇၆၄၁)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (ကြေးမုံ)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Raymond Benjamin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မြို့ပြလေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကူညီဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization-ICAO)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Raymond Benjamin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့မှု၊ အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအား နည်းပညာများပေးအပ်နေမှုများအတွက် ကျေးဇူးတင်ရှိမှုနှင့် ဆက်လက်၍ လေကြောင်းဖွံ့ဖြိုးရေး နည်းပညာနှင့် အတွေ့အကြုံများ ဝေမျှရယူလိုမှု၊ မြန်မာနိုင်ငံအနေဖြင့် လေကြောင်းသဘောတူညီချက်(၄၆)ခု ချုပ်ဆိုပြီးစီးနေပြီဖြစ်ရာ လေကြောင်းလိုင်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးနှင့် နည်းပညာများ၊ လေကြောင်းလုံခြုံရေးအခြေခံ အဆောက်အအုံ၊ လေဆိပ်အဆင့်မြှင့်တင်ရေး၊ လေကြောင်းဆိုင်ရာစက်ပစ္စည်းကိရိယာများ ကူညီပံ့ပိုးပေးရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှုများ၊ အကူအညီများ ပေးအပ်ခြင်း၊ လေကြောင်းလုံခြုံရေး၊ လေကြောင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မြို့ပြလေကြောင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကာ မြန်မာနိုင်ငံ မြို့ပြလေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးညဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၁-၁၀-၂၀၁၃)

လွိုင်ကော်

၂ ဒသမ ၃၂ လက်မ

လှည်းကူး

၂ ဒသမ ၂၀ လက်မ

နေပြည်တော်(ဇေယျာသီရိ)

၁ ဒသမ ၉၃ လက်မ

နေပြည်တော်(တပ်ကုန်း)

၁ ဒသမ ၂၂ လက်မ

ကြော်ငြာစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပိုရှစ်မျက်နှာ ပါရှိပါသည်။

ရွှေကျင် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ အစဉ်အလာမပျက်ကျင်းပ

သတင်းမှတ်စု >> ပိန်းဇလုပ်သိန်းညွန့်

ရွှေကျင် အောက်တိုဘာ ၂၁

၁၃၇၅ ခုနှစ် (၁၆၂)ကြိမ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်နှင့် ရေပွဲအခမ်းအနားကို (အောက်တိုဘာ ၂၀ ရက်) သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့က ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

မီးမျှောပူဇော်ပွဲ၏ ရေပွဲအခမ်းအနားဖွင့်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်ပိုင်းက ရွှေကျင်မြို့ ပျဉ်းမပင် ရပ်ချောင်းနံဘေးရှိ ဗဟိုမဏ္ဍပ်၌ ပြုလုပ်ခဲ့ရာ ရှင်ဉပဂုတ္တမထေရ်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ကရဝိက်ဖောင်တော်ကို လှော်ကားတော်ကြီးလှေ၊ တက်ခုတ်၊ တက်ပုံ၊ ယိမ်းအဖွဲ့များ၏လှေများမှ ရွှေကျင်ချောင်းအတွင်း ပင့်ဆောင်ခြံရံပူဇော်၍

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○

ကြေးမုံစာတည်းရှုထောင့် ၂၂-၁၀-၂၀၁၃၊ အင်္ဂါနေ့

စာဖတ်ကြပါ

"အလိမ္မာ စာမှာရှိသည်" ဟူသည့် စကား၏အဓိပ္ပာယ်မှာ အလွန်ကျယ်ပြန့် နက်ရှိုင်းလှသည်။ စာပေ၏ စိမ့်ဝင်ပျံ့နှံ့မှု အကျိုးတရားမှာလည်း အလွန်နက်ရှိုင်းလှသည်။ 'သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း စာပေစကား၊ နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသာသည်တည်း'ဟု စာဆိုကျော် ရှင်မဟာရဋ္ဌသာရ ရေးသားထားသကဲ့သို့ စာဖတ်သည့် တိုင်းပြည်တိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှုန်းမြန်သည်။ စာပေနှင့်ကင်းကွာသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျဆဲ တိုင်းပြည်များဖြစ်သည်ဟု ဆိုကြပါသည်။

လူတိုင်းစာတတ်ဖို့လိုသလို လူတိုင်းစာဖတ်ဖို့လည်း လိုနေပေသည်။ စာမတတ်၍ စာမဖတ်နိုင်ခြင်းထက် စာတတ်ပြီးစာမဖတ်ခြင်းသည် နိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးနေရပါသည်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် လူတိုင်းလူတိုင်း၏ အသိအမြင်အတွေးအခေါ်များ ရင့်ကျက်ခိုင်မာရန်လိုအပ်ပေသည်။ ထိုသို့ဖြစ်စေရန် လူတိုင်း စာများများဖတ်ကြရန် လိုအပ်ပါသည်။

ထို့ကြောင့် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က မြန်မာနိုင်ငံတွင် စာမတတ်သူ ဦးရေထက် စာမဖတ်သူဦးရေများနေကြောင်း ဦးစွာဆိုထားပါသည်။ စာမဖတ် သော ဦးရေများတွင် ပညာတတ်အသိုင်းအဝိုင်းအဆင့်တွင်းမှပင် ပါဝင်နေသည်။ ဂျာနယ်တစ်စောင်၊ သတင်းစာတစ်စောင်ကိုပင် မှန်မှန်ဖတ်နိုင်သူ နည်းလှမည်ဖြစ်သည်။

အမှန်တွင် တစ်နေ့လျှင် မိနစ် ၂၀ သို့မဟုတ် နာရီဝက် မအားလပ်ဟု ဆိုသည်မှာ မဖြစ်နိုင်ပါ။ အားလပ်သည့်အချိန်အနည်းငယ်ကို အသုံးချတတ်ဖို့သာ လိုပေသည်။ မည်မျှပင် ပင်ပန်းပါစေ အိပ်ရာဝင်ချိန်တွင် စာဖတ်ပြီးမှ အိပ်ပျော်နိုင်သူများရှိပေသည်။ ထိုကဲ့သို့ပင် နံနက်လင်းသည်နှင့် သတင်းစာ၊ ဂျာနယ်တစ်စောင် မဖတ်ရမနေနိုင်သူများလည်း ရှိမည်ဖြစ်သည်။ သို့သော် အရေအတွက်မှာ နည်းလွန်းမည်ဖြစ်သည်။

စာဖတ်ခြင်း၏ အကျိုးတရားများကို လူတိုင်းသိမည်ဖြစ်သည်။ ပညာတတ်များက ပို၍ပင်သိမည်။ သို့သော် အသိခေါက်ခက် အဝင်နက်နေသကဲ့သို့ပင်ဖြစ်မည်။ စာမဖတ်ခြင်း၏ ဆိုးကျိုးများမှာ တစ်နေ့တခြား ဆိုးရွားလာနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသည် စာမဖတ်ကြ၍ဖြစ်သည်။ စာမဖတ်သောအခါ အသိပညာ၊ ဗဟုသုတခေါင်းပါးပြီး မသိနားမလည်မှုအပေါ်တွင် အမြတ်ထုတ်ခံရမည်သာ အဖတ်တင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း လူကုန်ကူးခံရသည့် သတင်းများကို မြင်တွေ့ဖတ်ရှုနေရသည်။ အခြေခံအကြောင်းရင်းများကို ကြည့်မည်ဆိုလျှင် အသိပညာ ဗဟုသုတခေါင်းပါးမှုကြောင့်ဖြစ်သည်။ အပြောအဟော ကောင်းသူ၊ အစည်းအရုံးကောင်းသူနောက်သို့ ပါသွားကြသည်။ လူကုန်ကူးရောင်းစားခံကြရသည်။

ယင်းတို့ကို မီဒီယာများကဖော်ထုတ်ရေးသားခဲ့ကြသည်။ ထို့အပြင် အရွယ်မရောက်သေးသူများ၊ အမျိုးသမီးငယ်ရွယ်များကို လှည့်ဖြားသိမ်းသွင်းခံရသည့် အဖြစ်များကိုလည်း ရေးသားဖော်ပြကြသည်ကို တွေ့ရသည်။ သို့သော် စာမဖတ်သဖြင့် အသိအမြင်ဗဟုသုတနည်းပါးပြီး လူမသမာတို့၏ လက်တွင်းသို့ သက်ဆင်းကြရပေသည်။

ထို့အပြင် အခြားမှုခင်းများကိုလည်း နေ့စဉ်မြင်တွေ့နေရသည်။ မြင်တွေ့နေရသော်လည်း ကိုယ်တိုင်ကြုံတွေ့သူများအနေနှင့် စာမဖတ်ကြသဖြင့် ဆိုးကျိုးများနှင့်သာ ထပ်တလဲလဲ ကြုံတွေ့နေရခြင်းဖြစ်သည်။ ထို့သို့ကြုံတွေ့နေရခြင်းမှာ စာမဖတ်ကြ၍ဖြစ်သည်။

ယခုအခါ လူတိုင်းစာဖတ်နိုင်ကြစေရန် စာကြည့်တိုက်များ၊ စာပေ ရေချမ်းစင်များ၊ ရွေ့လျားစာကြည့်တိုက်များကို မြို့နယ်တိုင်း၊ နေရာတိုင်းတွင် ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ငွေလည်းမကုန် အချိန်လည်း သက်သာစေသည့် အဆိုပါစာပေဖတ်ရှုခြင်း အစီအစဉ်များသည် လူတိုင်းစာဖတ်ရှိန် မြင့်တက်လာစေဖို့၊ အသိဉာဏ်ပညာမြင့်မားစေဖို့နှင့် ဆိုခဲ့ပြီးသည့် မသမာသူတို့၏ အလိမ်မခံရစေဖို့ ရှေးရှုဆောင်ရွက်ထားခြင်းဖြစ်ရာ လူတိုင်းစာဖတ်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

မြန်မာ-နီပေါ မျက်စိအခမဲ့ခွဲစိတ်ကုသ

နေပြည်တော် အောက်တိုဘာ ၂၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် နီပေါနိုင်ငံ Tilgnaga Institute of Ophthalmology မှအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ခွဲစိတ်ကုသပေးသည့် အစီအစဉ်အရ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ မျက်စိအတွင်းတိမ် အမျိုးသားလူနာ ၂၄၀ နှင့် အမျိုးသမီးလူနာ ၃၆၄ ဦး စုစုပေါင်းလူနာ ၆၀၄ ဦးတို့အား မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ခွဲစိတ်ကုသပေးခဲ့သည်။

မြန်မာ-နီပေါ အခမဲ့ မျက်စိပူးပေါင်းခွဲစိတ်ကုသမှုကို မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)မှ ပါမောက္ခဒေါက်တာ တင်ဝင်းဦးဆောင်သော မျက်စိခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ သူနာပြုများ၊ နီပေါနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကျွမ်းကျင်သူပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် အောက်တိုဘာ ၂၀ ရက်ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ် အမရပူရခန်းမ၌ နီပေါနိုင်ငံ Tilgnaga Institute of Ophthalmology မှ Dr. Sanduk Ruit, The Fred Hollows Foundation မှ Director Mr.Britton David Ewart၊ TheVision Tibet Foundation မှ Chairman Mr.Buchli Thomas Bernhard တို့အား တွေ့ဆုံပြီး မြန်မာနိုင်ငံမှ မျက်စိဆရာဝန်များအတွက် သင်ကြားရေးအစီအစဉ်များ၊ မျက်စိရောဂါကာကွယ်၊ ကုသရေးအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

မြန်မာ-နီပေါ အခမဲ့ မျက်စိပူးပေါင်းခွဲစိတ်ကုသမှုကို မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)မှ မျက်စိအထူးကု ဆရာဝန်များ၊ သူနာပြုများ၊ မျက်စိကျွမ်းကျင်သူများသည် ရန်ကုန်တိုင်းဒေသကြီးမှ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ထန်းတပင်မြို့နယ်များ၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သပြုကျေးရွာများသို့ ကွင်းဆင်း၍ မျက်စိအတွင်းတိမ်လူနာများအား ရှာဖွေဖော်ထုတ်ကာ ခွဲစိတ်ကုသမှုပြုလုပ်နိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ ဆောင်ရွက်လျက်ရှိသော ၂၃၀ ကေဗွီ ရွာမ-လှိုင်သာယာမဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းတွင် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအနီး၌ လှိုင်မြစ်အားဖြတ်သန်း၍ ရွာမမှ လှိုင်သာယာသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း ဖြတ်ကျော်တည်ဆောက်မည်ဖြစ်သဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ရေလမ်းကြောင်းအတွင်း ၂၄-၁၀-၂၀၁၃ ရက်မှ ၃၁-၁၀-၂၀၁၃ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရေယာဉ်များဖြတ်သန်းသွားလာခြင်း မပြုကြရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၂၂-၁၀-၂၀၁၃

၆း၀၃ တရားတော်
၆း၃၅ မျိုးချစ်တပ်မတော်
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၄း၀၈ တစ်ပတ်အတွင်းစီးပွားရေး သတင်း
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်စံအိမ်"(ဒုတိယတွဲ)(အပိုင်း-၄၁)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ယောကျ်ားဂုဏ်ရည်"(အပိုင်း - ၁၂)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ"(အပိုင်း-၆၈)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်	ရွှေဈေး	၆၈၄၁၀၀ -	၆၈၅၁၀၀
မန္တလေး	ရွှေဈေး	၆၈၃၈၀၀ -	၆၈၄၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၉. ၂
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၄၃
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၂၇၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၇. ၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၇၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၁. ၂၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၅၆၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၃၇. ၅၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၄. ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၁

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က အမှာစကားပြောကြားကြကာ ကော်မတီဝင်များ၊ အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးကြသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာရေးဖြစ်သည်။ ပညာရေးမှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်များသည် အနာဂတ်နိုင်ငံတော်နှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်သည်။ ပညာရေးကဏ္ဍတွင် ကောင်းမွန်သော အချက်များရှိသကဲ့သို့ ပြုပြင်ရမည့် အချက်များလည်း များစွာရှိပေသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောက်တိုဘာ ၇ ရက်တွင် နေပြည်တော်၌ကျင်းပသည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲသို့ တက်ရောက်၍ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့သည်။

ယင်းဆွေးနွေးပွဲ၏ အဆက်အဖြစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ကျင်းပရာ အထူးလုပ်ငန်းအဖွဲ့ (Task Force)အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ (Advisory Board)အဖွဲ့ဝင်များက စိတ်ဝင်တစား ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များ အဆက်အစပ်ရှိရှိ ညှိနှိုင်းဆွေးနွေး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လိုအပ်ရာ အကြံပေးအဖွဲ့ နာယက ဦးသန်းဦးက နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော ပညာရေးစနစ်များကို ပြည်ပကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်းမှ အတွေ့အကြုံရှိသူများ၊ ပညာရှင်များပူးပေါင်းကာ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Working Group အစည်းအဝေးသို့ အကြံပေးအဖွဲ့ဝင်များ တက်ရောက်နိုင်ရေးခွင့်ပြုသင့်ကြောင်း၊ တကယ်ဖြစ်ချင် တကယ်လုပ်ရန်သာလိုကြောင်းဖြင့် ဆွေးနွေးသည်။

ဆောင်ရွက်ရမည့် ပညာရေးဆိုင်ရာလုပ်ငန်းကဏ္ဍ(၁၇)ခုရှိရာ ဦးစားပေးကဏ္ဍများကို ဦးစားပေး အဆင့်အတန်းသတ်မှတ်၍ အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းပြီးစီးမှု မြန်ဆန်လာမည် ဖြစ်ပေသည်။

အကြံပေးအဖွဲ့ဝင် ဒေါက်တာဒေါ်ရင်ရင်နွယ်က ပညာရေးဆိုင်ရာလုပ်ငန်းကဏ္ဍ(၁၇)ခုအနက် ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ပြီး အရေးကြီးကဏ္ဍများကို ဦးစွာဖြေရှင်းသင့်ကြောင်း၊ အခြေခံပညာရေးတွင် ပြဋ္ဌာန်းသင်ခန်းစာများ များပြားသဖြင့် အချိန်တိုအတွင်း တတ်အောင်သင်ဖို့မဖြစ်နိုင်ကြောင်း၊ သင်ခန်းစာများကို အတိုးအလျှော့ပြုလုပ်ရန်လိုကြောင်း၊ အကြံပေးအဖွဲ့ဝင် ဒေါက်တာတင်မောင်သန်းက ကော်မတီ၏လုပ်ငန်းစဉ် (၁၇)ခုတွင် ဦးစားပေးလုပ်ငန်းစဉ် သတ်မှတ်ကာ အကောင်အထည်ဖော်ပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်းနှင့် အကြံပေးအဖွဲ့ဝင် ဒေါက်တာကျော်ရင်လှိုင်က ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် အရေးအသားနှင့် သင်ရိုးများကို သေချာစိစစ်ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အကြံပေးအဖွဲ့နာယက ဦးစိုင်းအောင်ထွန်းက ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်မည့် ကော်မတီအနေဖြင့် အားဖြည့်အဖွဲ့အစည်းဖြစ်သည်နှင့် အညီ အချိန်တိုအတွင်း ဖြစ်ထွန်းသော ဆောင်ရွက်ချက်များဖြစ်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် အကြံပြုလိုကြောင်း ပြောကြားသည်။

လုပ်ငန်းတစ်ရပ်အောင်မြင်ရေးအတွက် ပညာရှင်များ၏ ဆွေးနွေးချက်များမှာ အလွန်အရေးပါလှပေသည်။ အလားတူ ပြည်သူများ၏ ဝိုင်းဝန်းအကြံပြုမှုမှာလည်း အရေးပါရာ အကြံပေးအဖွဲ့ဝင် ဦးညီလှငယ်က အားလုံးခြုံငုံပါဝင်သည့် ပညာရေးစနစ်တွင် ပြည်သူများ၏ ဆန္ဒအရေးကြီးသကဲ့သို့ ပညာရှင်များ၏ အကြံပြုချက်များကို အလေးထား ထည့်သွင်းစဉ်းစားစေလိုကြောင်း ဆွေးနွေးသည်။

အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ညိုက လာမည့် သန်းခေါင်စာရင်းကောက်ယူမှုတွင် စာတတ်မြောက်နှုန်းနှင့် ကျောင်းနေနှုန်းတို့ကို လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် သိရှိနိုင်အောင် ထည့်သွင်းကောက်ခံသင့်ကြောင်း၊ မြန်မာစာအပြင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားများဖြင့်ပါ ပုံနှိပ်စာရင်းကောက်ယူခြင်းတို့ ဆောင်ရွက်သင့်ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရန် စဉ်ဆက်မပြတ် ပညာရေးအစီအစဉ်များ ဖန်တီးပေးသင့်ကြောင်း ဆွေးနွေးသည်။

အကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးတင်ထွန်းဦးက အကြံပေးအဖွဲ့နှင့် Working Group များ၏ လုပ်ငန်းဆောင်တာများကို စုစည်းရေးသားမည့် အတွင်းရေးမှူးအဖွဲ့သည် Professional များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ရန် လိုကြောင်း၊ အဆိုပါအဖွဲ့အား သီးသန့်တာဝန်ပေးပြီး အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်းပြောကြားသည်။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၏ အပြင်အဆင်ကောင်းသည်နှင့်အမျှ ပြဋ္ဌာန်းစာအုပ်များအပေါ် ကျောင်းသားများ၏ စိတ်ဝင်စားမှု ပိုမိုလာမည်မှာ ဧကန်ဖြစ်သည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စပ်လျဉ်း၍ အကြံပေးအဖွဲ့ဝင် ဒေါက်တာခင်မာထွန်းက ကျောင်းသုံးစာအုပ်များ၏ အပြင်အဆင်သည် ကျောင်းသားများ စိတ်ဝင်စားမှုနည်းပါးနေသဖြင့် ဘဏ္ဍာရေးဆုံးရှုံးမှုမများပါက စိတ်ဝင်စားဖွယ် အပြင်အဆင်နှင့် ပြဋ္ဌာန်းစာအုပ်များအဖြစ် ပုံနှိပ်ပြဋ္ဌာန်းသင့်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းများတွင် ပညာရေးအဆင့်အတန်းမနိမ့်ကျသော်လည်း သင်ခန်းစာနှင့် အပြင်အဆင် သဘောတရား လိုအပ်ချက်များ ရှိနေသေးကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးကော်မတီ အမျိုးသားအကြံပေးပုဂ္ဂိုလ် မြန်မာနိုင်ငံ ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာမောင်သိန်းက ပညာသင်ဆုအစီအစဉ်များမှာလည်း ထိရောက်သော ပညာရေးအဆင့်အတန်းများကို ပေးနိုင်ကြောင်း၊ တက္ကသိုလ်များအား မြို့ပြင်ပ၌ ထားခြင်းကို ပြန်လည်စဉ်းစားစေလိုကြောင်း၊ ရေရှည်အကောင်အထည်ဖော်ရမည့် ပညာရေးစနစ်တစ်ရပ် အမှန်တကယ်တည်ဆောက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးအောင်မျိုးမင်းက မြန်မာနိုင်ငံ၏ သင်ရိုးညွှန်းတမ်းများမှာ မညံ့ပါကြောင်း၊ ကမ္ဘာ့အဆင့်မီကြောင်း၊ အကောင်အထည်ဖော်သည့် အပိုင်းမှာသာ အကြောင်းအမျိုးမျိုးကြောင့် လိုနေခြင်းဖြစ်ကြောင်း၊ လောလောဆယ် အညံ့ကြီး အဆင့်မရှိကြောင်း၊ ဖြည့်သင့်သည်များ ဖြည့်လိုက်လျှင်ကောင်းသွားမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို နှစ်စဉ်နှစ်တိုင်း ပြန်ပြီး Review လုပ်နေ၍ မညံ့ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန(၁၃)ခု ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ Stakeholder အားလုံး၏ ဆန္ဒနှင့် ပညာရှင်များ၏ အကြံပြုချက်များကို ပေါင်းစပ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားဗဟိုပြုပညာရေးစနစ်တွင် ဆရာ ဆရာမများ၏ အရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန်နှင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ငွေတောင်တောရဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်သက်တော် (၈၉)နှစ် သိက္ခာတော် ၆၉ ဝါရှိ သက်တော်ရှည်မဟာနာယက ဘဒ္ဒန္တပညာသီရိ မဟာထေရ်မြတ်၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါ ငွေတောင်တောရပရိယတ္တိစာသင်တိုက်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ နာဂလိုဏ်ဂူကလေးဝတောရကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ငွေတောင်တောရပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြသည်။

ထို့နောက် ဘဒ္ဒန္တပညာသီရိ မဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ရွှေဗိမာန်မာယလုလင်အဖွဲ့၊ သဒ္ဓမ္မမာမကအဖွဲ့၊ သုခဘုံလူမှုကူညီရေးအဖွဲ့၊ ထေရဝါဒမြဲအသိပြန့်ပွားရေးအဖွဲ့၊ တထာဂတပုညသဟာယအဖွဲ့၊ မြို့ဦးဝတ်အသင်း၊ မေတ္တာရိပ်လူမှုကူညီရေးအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ငွေတောင်တောရ ဂေါပကအဖွဲ့တို့မှ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနမှု ပြုလုပ်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

○ ရွှေ့ဖုံးမှ

ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် တက်ခုတ်၊ တက်ပျံ၊ ယိမ်းအဖွဲ့များ၏ ပြိုင်ပွဲဝင်ဖျော်ဖြေတင်ဆက်ခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ရာ ရွှေကျင်မြို့နယ်အတွင်းရှိ တက်ခုတ်ယိမ်းအဖွဲ့ သုံးဖွဲ့၊ တက်ပျံယိမ်းအဖွဲ့ ကိုးဖွဲ့နှင့် ယိမ်းအကအဖွဲ့ ခုနစ်ဖွဲ့၊ တိုင်းရင်းသားရိုးရာယိမ်းခုနစ်ဖွဲ့တို့က တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ကြပြီး တက်ခုတ်ယိမ်းပြိုင်ပွဲ ပထမဆုကို တောင်ဘက်ကျေးရွာ ရွှေပဒုမ္မာအဖွဲ့မှလည်းကောင်း၊ တက်ပျံယိမ်းပြိုင်ပွဲ ပထမဆုကို တံခွန်တိုင်ကျေးရွာ မျိုးဆက်သစ်အဖွဲ့မှလည်းကောင်း၊ ယိမ်းအကပြိုင်ပွဲ ပထမဆုကို ရှမ်းကြေးရပ်ကွက် ရွှေမြို့သူအဖွဲ့မှ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ပထမဆုကို ဝင်းခနိမ်ကျေးရွာ ရှမ်းတိုင်းရင်းသားယိမ်းအဖွဲ့မှလည်းကောင်း ရရှိသွားခဲ့ကြောင်းသိရသည်။

ယခုနှစ်ပွဲတော်၏ ထူးခြားချက်မှာ ကျပ်သိန်း ၂၀ တန် မီးပုံးပျံကြီးတစ်လုံးနှင့် မီးပုံးပျံအလတ် ၁၅ လုံးကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးကြာခွက်ရောင်စုံဖြင့် မီးမျှောပူဇော်ခြင်း အစီအစဉ်ကို ညနေ ၆ နာရီတွင် ရွှေကျင်ချောင်းအတွင်း၌ ပြုလုပ်ရာ ဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများက ချောင်းအတွင်းသို့ မီးကြာခွက်များမျှောခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့နှင့် ပူဇော်ခဲ့ကြသည်။

ထို့နောက် ကရဝိက်ဖောင်တော်ပေါ်ရှိ ကျောင်းဆောင်၌ စံမြန်းတော်မူနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ကျောင်းဆောင်နှင့်တကွ ဝါးဖောင်တော်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်၍ ရွှေကျင်ချောင်းရိုးမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ ရေမျှောပူဇော်ခဲ့ကြသည်။

ယခုနှစ်ပွဲတော်တွင် နေ့လယ်ပိုင်း၌ မိုးခဏတာရွာသွန်းမှုရှိခဲ့သည်မှအပ မီးမျှောပွဲတော်ကြီးကို ရှေးယဉ်ကျေးမှုအစဉ်အလာအတိုင်း စည်ကားစွာ ကျင်းပနိုင်ခဲ့သည်ဟုသိရသည်။

မင်းလှခံတပ်အတွင်း နိုင်ငံခြားသားခရီးသွားများအားဧည့်ခံ

မင်းလှ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့၌ နိုင်ငံခြားသားခရီးသွားများသည်အောက်တိုဘာ ၁၈ ရက်ညနေ ၄ နာရီက မကွေးမြို့နယ် မြင်ကွန်းကျေးရွာအုပ်စု ကွေ့ချောင်းကျေးရွာ တောင်ကုန်းပေါ်ရှိ သမိုင်းဝင် ကွင်းချောင်းခံတပ်သို့ ဧရာဝတီတံတားမလွန်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်သွားရောက်လေ့လာခဲ့ကြသည်။

ထို့နောက် ည ၈နာရီတွင် မင်းလှခံတပ်သို့ရောက်ရှိရာ ခံတပ်အဝင်ဝမှ ရှေးခေတ် စစ်သူကြီးများ၊ ဝန်ကြီးများ မင်းသမီး နန်းဝတ်နန်းစားများ ဝတ်ဆင်ထားသူများက ပန်းကုံးများစွပ်၍ကြိုဆိုကြပြီး ဒေသခံများက အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်များ၊ ဦးရွှေရိုး၊ ဒေါ်မိုးအကဖြင့် ကြိုဆိုခဲ့သည်။

ၚင်းနောက် ORCA ELLA ခရီးသွားလုပ်ငန်းနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ညစာဖြင့် ဧည့်ခံခဲ့ကြောင်းသိရသည်။ ယခုလာရောက်သည့် နိုင်ငံခြားသားခရီးသွား စုစုပေါင်းမှာ ၂၅ ဦး ဖြစ်ကြောင်း သိရသည်။ **(နန်းမောင်)**

ဝက်စ်ဂိတ်ကုန်တိုက်တွင် လုံခြုံရေးတာဝန်ကျ ကင်ညာတပ်ဖွဲ့ဝင်များ ပစ္စည်းများယူကြဟုဆို

နိုင်ရိုဘီ အောက်တိုဘာ ၂၁

လွန်ခဲ့သည့်လတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဝက်စ်ဂိတ်ကုန်တိုက်ကို စစ်သွေးကြွများက တိုက်ခိုက်ပြီးနောက် စစ်ဘက်ကလုံခြုံရေးယူထားစဉ် တပ်ဖွဲ့ဝင်များသည် ရောင်းကုန်ပစ္စည်းများအား ယူငင်နေကြခြင်းကို လုံခြုံရေးကင်မရာများက မှတ်တမ်းတင်ထားကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကင်မရာပြကွက်တစ်ခု၌ ကင်ညာတပ်ဖွဲ့ဝင်အချို့သည် အဖြူရောင်ဈေးဝယ်အိတ်များကို သယ်ယူလာကြခြင်းအား တွေ့မြင်ရပြီး အချို့က မိုဘိုင်းဖုန်းအရောင်းဆိုင်တစ်ခု၌ အဖြူရောင်ဘူးများကို သယ်ယူရန် ပြင်ဆင်နေခြင်းအား တွေ့ရသည်။

စက်တင်ဘာ ၂၁ရက်တွင် နိုင်ရိုဘီကုန်တိုက်တစ်ခုကို အယ်လ်ရှာဘတ် စစ်သွေးကြွများဟု ယူဆရသူများက တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၆၇ဦး သေဆုံးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ္စည်းများယူကြသည်ဟူသော စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကင်ညာစစ်ဘက်က ပြောကြားသည်။

စားသောက်ကုန်များမှသည် ရုပ်မြင်သံကြားစက်များအထိရောင်းချသော ဝက်စ်ဂိတ်ကုန်တိုက်၏ နာကူမတ်စူပါမားကက်သို့အဝင်အဝတွင် စီစီတီဗွီလုံခြုံရေးကင်မရာများ တပ်ဆင်ထားသည်ဟု သတင်းဌာနများက ပြောကြားသည်။

တစ်ခုသောကင်မရာတွင် တပ်ဖွဲ့ဝင်များသည် ကြီးမားသော ပလတ်စတစ်အိတ်ကြီးများကို သယ်ဆောင်၍ ကြမ်းပြင်ပေါ်မှသွေးကွက်များကိုကျော်ဖြတ်ကာ လမ်းလျှောက်သွားနေသည်ကိုမြင်ရသည်။

နောက်တစ်ကွက်တွင်မူ တပ်ဖွဲ့ဝင်တစ်စုသည် မိုဘိုင်းဖုန်းရောင်းသောဆိုင်၏နောက်တွင် ရောက်ရှိနေကြပြီး တစ်ဦးက ဈေးကောင်တာပေါ်တက်၍ အဖြူရောင်ပစ္စည်းတစ်ခုကိုရွှေ့နေသည်။ ယင်းနောက် တပ်ဖွဲ့ဝင်များ ပိုများလာပြီး အဖြူရောင်ပစ္စည်းများကိုယူကြသည်။ ယင်းပစ္စည်းများသည် မိုဘိုင်းဖုန်းထည့်သောဘူးများဖြစ်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။ **ဘီဘီစီ။**

ကင်ညာလုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ္စည်းများယူနေကြပုံကို စီစီတီဗွီကင်မရာတွင် တွေ့ရစဉ်။

တူနီးရှားလုံခြုံရေးတပ်ဖွဲ့ တိုက်ခိုက် အစ္စလာမ္မစ်စစ်သွေးကြွကိုးဦးသေဆုံး

တူးနစ်(တူနီးရှား) အောက်တိုဘာ ၂၁

ကင်းလှည့်တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြသည့် အစ္စလာမ္မစ်စစ်သွေးကြွများဟု သံသယရှိသူများကို တူနီးရှားလုံခြုံရေးတပ်ဖွဲ့က တိုက်ခိုက်ရာ အနည်းဆုံး ကိုးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်တူးနစ် အနောက်ဘက် ၄၄ မိုင်အကွာရှိ မောင့်တာအိုယာဒေသတွင် စစ်ဆင်ရေးပြုလုပ်ရာ သံသယရှိသူသုံးဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ကြာသပတေးနေ့တွင် အဆိုပါဒေသ၌ စစ်သွေးကြွများက တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အဆိုပါစစ်သွေးကြွများသည် ဆာလာဖစ်အန်ဆာ အဲလ်-ရှာရီယာအုပ်စုမှဖြစ်ကြသည်ဟု တူနီးရှားပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဎင်းအုပ်စုကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အစိုးရက ကြေညာထားခဲ့ကြောင်း၊ သုံးရက်ကြာစစ်ဆင်ရေးမှာ အောင်မြင်မှုရရှိခဲ့ကြောင်း ဎင်းက သတင်းထောက်များကို စနေနေ့တွင် ပြောကြားခဲ့သည်။

ယင်းစစ်ဆင်ရေးတွင် ဗုံးများပြုလုပ်ရာတွင် အသုံးပြုသော ပစ္စည်းနှစ်တန်ခန့်ကို သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။ **ဘီဘီစီ။**

သူလျှိုသတင်းကြောင့် အမေရိကန်သံအမတ်ကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဆင့်ခေါ်

ပါရီ အောက်တိုဘာ ၂၁

ပြင်သစ်နိုင်ငံအတွင်း၌ အကြိမ်ရေသန်းနှင့်ချီရှိသော ဖုန်းပြောဆိုခြင်းများအပေါ် အမေရိကန်ပြည်ထောင်စုက သူလျှိုလုပ်ခဲ့သည်ဟု သတင်းစာတွင် ဖော်ပြချက်နှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေဘီယပ်က အမေရိကန်သံအမတ်ကို ဆင့်ခေါ်ခဲ့ကြောင်း တနင်္လာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မဟာမိတ်နှစ်နိုင်ငံအကြား ဤကဲ့သို့သော အပြုအမူမျိုးကို လုပ်ဆောင်ခြင်းမှာ လက်ခံနိုင်စရာအကြောင်းမဟုတ်ဟု ပြင်သစ်က ပြောကြားသည်။

ထောက်လှမ်း

ထောက်လှမ်းရေးဝန်ထမ်းဟောင်း အက်ဝပ်စနိုးဒင်ထံမှ ပေါက်ကြားလာသည့် အချက်အလက်များကို အခြေခံ၍ အမေရိကန် အန်အက်စ်အေအေဂျင်စီသည် အကြမ်းဖက်သမားများကို ထောက်လှမ်းသကဲ့သို့ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ထောက်လှမ်းခဲ့ကြောင်း လီမွန်ဒေးသတင်းစာက ရေးသားသည်။

ယမန်နှစ် ဒီဇင်ဘာ ၁၀ ရက်မှစ၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ရက်အထိ ရက်ပေါင်း ၃၀မျှကာလအတွင်း ဖုန်းခေါ်ကြိမ် ၇၀ ဒသမ ၃ သန်းကို အမျိုးသားလုံခြုံရေးအေဂျင်စီ (အန်အက်စ်အေ)က ထောက်လှမ်းခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

ဖမ်းယူခဲ့ဖွယ်

ထို့အတူ အန်အက်စ်အေသည် မက်ဆေ့ချ်ပေးပို့မှု သန်းပေါင်းများစွာကိုလည်း ဖမ်းယူခဲ့ဖွယ်ရာရှိသည်။

ဖုန်းပြောခြင်းနှင့် မက်ဆေ့ချ်ပါအကြောင်းအရာများကို သိမ်းဆည်းထားသည် သို့မဟုတ် တစ်စုံတစ်ဦးထံသို့ တင်ပြသည်ဆိုခြင်းမှာ ရှင်းလင်းမှုမရှိပေ။ **ဘီဘီစီ။**

ပါကစ္စတန်၌ လူစီးရထားပေါက်ကွဲ ခုနစ်ဦးသေဆုံး

အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၁

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် တနင်္လာနေ့၌ ခရီးသည်တင်ရထားတစ်စင်းဗုံးထိမှန်ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် ဗုံးသည်ရထားလမ်းပေါ်၌ ထောင်ထားခြင်း သို့မဟုတ် ရထားတွဲပေါ်၌ ထောင်ထားခြင်းဖြစ်သည်ကိုမူ ရှင်းလင်းစွာမသိရပေ။ ယင်းရထားသည် ရာဝါပင်ဒီမှ ဘလူချီစတန်ပြည်နယ်၏အဓိကမြို့ ကွယ်ယက်တာသို့ မောင်းနှင်လာခြင်းဖြစ်သည်။

ဂျာဖာအဘက်အမြန်ရထားကို တိုက်ခိုက်ခြင်းသည် ဎင်းတို့လုပ်ဆောင်ချက်ဖြစ်ကြောင်း မည်သည့်အုပ်စုကမျှ ကြေညာခြင်းမရှိသေးပေ။

အဆိုပါ မီးရထားလမ်းကြောင်းကို ပိတ်ထားရပြီး ပေါက်ကွဲမှုကြောင့် ရထားလမ်းတွင် ကြီးမားသော ချိုင့်ခွက်ကြီးတစ်ခုဖြစ်လာကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်တွင် ရထားသည် နာဆီယာအဘက်ခရိုင်အတွင်း နိုတဲလ်ဒေသကို ဖြတ်သန်းခုတ်မောင်းလျက်ရှိသည်။

ရဲအရာရှိများသည် အခင်းဖြစ်ပွားရာနေရာ၌ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **ဘီဘီစီ။**

ပါကစ္စတန်၌ ရထားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးနေသည်ကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ဟိုတယ်ဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်ပွဲတက်ရောက် ပုဂံသို့ စင်းလုံးငှားလေယာဉ်ဖြင့်လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များကို ရင်းနှီးစွာနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် အောက်တိုဘာ ၂၀ ရက်က ပုဂံမြို့သို့ ရောက်ရှိခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဦးဘငြိမ်း ယွန်းထည်အမှတ်တရပစ္စည်း အရောင်းဆိုင်တွင် အမှတ်တရပစ္စည်းဝယ်ယူနေကြသော ကမ္ဘာလှည့်ခရီးသည်များအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေဆံတော်ဘုရားတွင် ပုဂံနေဝင်ဆည်းဆာအလှကို ကြည့်ရှုနေကြသော ကမ္ဘာလှည့်ခရီးသည်များအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ပုဂံလေဆိပ်သို့သွားရောက်ပြီး ကမ္ဘာလှည့်ခရီးသည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဟိုတယ်ဇုန် (၄) သို့ သွားရောက်ကြည့်ရှုပြီး ဟိုတယ်ဆောက်လုပ်မှုအခြေအနေများနှင့် ပတ်သက်၍လိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ပုဂံဟိုတယ်တွင် ကျင်းပပြုလုပ်သည့် "ဟိုတယ်ဆိုင်ရာလုံခြုံရေးသင်တန်းဖွင့်ပွဲ" (ပုဂံဇုန်) အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)** ဖွင့်ပွဲအခမ်းအနားသို့ ဒေသတာဝန်ရှိပုဂ္ဂိုလ်များ၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့နှင့် Tourist Police အဖွဲ့ဝင်များ၊ ဒေသလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် သင်တန်းသားများ စုံညီစွာ တက်ရောက်ကြသည်။ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဤသင်တန်းကို အဓိကခရီးစဉ်ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံနှင့် အင်းလေးဒေသတို့၌ ယနေ့နံနက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်ခြင်းဖြစ်ပြီး နောင်တွင် ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ ကျိုင်းတုံနှင့် မြစ်ကြီးနား စသည့် ဒေသတို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဤသင်တန်းမှပို့ချသော သင်ခန်းစာများကို အထူးဂရုစိုက်လေ့လာမှတ်သားခြင်း၊ မပြတ်လေ့ကျင့်ခြင်းပြုလုပ်ရန် လိုအပ်ကြောင်းနှင့် တည်းခိုရိပ်သာ၊ ဟိုတယ်များတွင် CCTV ကင်မရာများ၊ X-Ray၊ Walkthrough နှင့် Detector များသာမက လိုအပ်လျှင် မိုင်းရှာသည့်ခွေးများထားရှိဖို့ လိုအပ်ကြောင်း၊ ပစ္စည်းများရှိရုံသာမက ယင်းပစ္စည်းများကို ကိုင်တွယ်သူများအနေဖြင့် မြင်တတ်၊ ကြည့်တတ်၊ စူးစမ်းရှာဖွေတတ်ရန် သင်တန်းမှပို့ချမှုများကို ကြိုးစားသင်ယူကြစေလိုကြောင်းနှင့် သင်တန်းပြီးဆုံးပါက ရရှိသော ပညာများကို မိမိတို့၏ဟိုတယ်များတွင် ထပ်ဆင့်ပြန့်ပွားပေးခြင်းဖြင့် လုံခြုံမှုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ငါးရက်ဖြစ်ပြီး သင်တန်းသို့ ပုဂံဒေသရှိ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာများမှ မန်နေဂျာအဆင့်အပါအဝင် သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်ရှိ သန်းခေါင်စာရင်းကော်မတီဝင်များနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းမြင့်က သန်းခေါင်စာရင်း၏ သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခဲ့မှု လက်ရှိ အခြေအနေအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရန်လိုအပ်ပုံ၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူရန် သန်းခေါင်စာရင်း လုပ်ငန်းစဉ် (၄)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် ကော်မရှင်၊ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်းဥပဒေထုတ်ပြန်မှုနှင့် မေးခွန်းများ ပြုစုထားရှိမှု၊ နေပြည်တော်တွင်း သန်းခေါင်စာရင်းကောက်ယူနိုင်ရေးနှင့် တွေ့ကြုံရမည့်အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်းမေးခွန်းများအပေါ် ပြည်သူများ မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲအပြီး ဒုတိယဝန်ကြီးသည် ရပ်ကွက်ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များအား တွေ့ဆုံကာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရမည့်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များ အချိန်မီတင်ပြနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှိန်မထိန်းနိုင်သည့် ၁၂ ဘီးယာဉ် တိုက်မှုကြောင့် သုံးဦးသေ၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၂၁

ကရင်ပြည်နယ် မြဝတီမြို့နယ် မဲကနယ်ရွာ ရွာဦးဘုန်းကြီးကျောင်းရှေ့ မိုင်တိုင်အမှတ်(၉၈/၂-၃)ကြား၌ အောက်တိုဘာ ၁၉ ရက် နံနက်က မြဝတီ-ကော့ကရိတ်အာရှလမ်း ဖောက်လုပ်ရေးဆောင်ရွက်နေသည့် ထိုင်းနိုင်ငံ ဆီဆမ်ကုမ္ပဏီမှ ထိုင်းနိုင်ငံ ဖုတ်ဖမြို့နယ် ကျောက်ခတ်ကျေးရွာနေ စမနစ်ခမ်းလ (၄၁)နှစ် မောင်းနှင်ပြီး ထိုင်းနိုင်ငံ နားချေမြို့နေ ထဝိကရန်နော (၃၉)နှစ် လိုက်ပါလာသည့် ထိုင်းယာဉ်အမှတ် 82/--- ၁၂ဘီး အဝါရောင်ယာဉ်သည် ဘူဒိုဇာတစ်စီး တင်ဆောင်၍ မောင်းနှင်လာစဉ် ၎င်းယာဉ်ရှေ့မှ မြဝတီမြို့ အမှတ်(၅) ရပ်ကွက်နေ တင်ဇော်ထွန်း(ခ) ညီပု(၂၃)နှစ်မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၁)ရပ်ကွက်နေ အောင်ကျော်ဖြိုး(ခ) ဝတုတ်(၂၂)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ တင်ဇော်ထွန်း (ခ)ညီပုနှင့် အောင်ကျော်ဖြိုး(ခ)ဝတုတ်တို့ နှစ်ဦးတွင် ဦးခေါင်းကွဲကြေ၊ အူထွက်၊ ပေါင်ကြေဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ဆက်လက်၍ အဆိုပါ ၁၂ ဘီးယာဉ်သည် ယာဉ်ကြောတစ်ခုတည်းရှိ ရှေ့မှ ကော့ကရိတ်မြို့နေ သောင်းထိုက်(၂၇)နှစ် မောင်းနှင်လာသည့် ၃ခ/--- ဟီးနိုးအနီရောင်ဆီဘောက်ဆာယာဉ်အားလည်းကောင်း၊ လမ်းဝဲဘက်ဘေးရှိ မဲကနယ်ရွာနေ မအိ(၃၂)နှစ်၏နေအိမ်အားလည်းကောင်း၊ နေအိမ်လမ်းဘေးရှိ သစ်ပင်အားလည်းကောင်း ဝင်ရောက်တိုက်မိကာ ယာဉ်ပေါ်မှ ဘူဒိုဇာယာဉ်ပြုတ်ကျရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ထဝိကရန်နောသည် သစ်ပင်ကြားညပ်၍ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး စမနစ်ခမ်းလတွင် ဝဲနားထင်၊ နဖူးကွဲ၊ ယာမျက်လုံးဖူးရောင်၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိသဖြင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ စမနစ်ခမ်းလအား သဃ်န်းညီနောင်နယ်မြေရဲစခန်းက ယာဉ်(ပ) ၂၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၈/၃၀၄-ကဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်

မြင့်စိုး(နတလ)

လူငယ်ကျောင်းများ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၉၃ ဦးတက်ရောက်ဖြေဆိုခဲ့ရာ ၁၆၅ ဦး အောင်မြင်ခဲ့ပါသည်။ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦးပေါ်ထွက်လာခဲ့သည်။ ရာခိုင်နှုန်း ၂၇ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်သော်လည်း တစ်ကျောင်းချင်း အနေဖြင့်မူ ပင်လုံလူငယ်ကျောင်းသည် ၆၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ မြစ်ကြီးနား(၁)သည် ၄၃ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဗန်းမော်လူငယ်ကျောင်းသည် ၄၁ ဒသမ ၁၇ ရာခိုင်နှုန်း အောင်မြင်ကြကြောင်း တွေ့ရှိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအနေဖြင့် လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးကြည့်ရှုသည့်အခါတိုင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး၊ နိုင်ငံအကျိုးပြု ဒေသအကျိုးပြု လူငယ်လူရွယ်လေးများဖြစ်လာစေရန် သင်တန်းကျောင်းအုပ်နှင့် နည်းပြများက မိမိတို့၏ဆွေမျိုးသားချင်းများသဖွယ် သဘောထားကာ ပြုစုပျိုးထောင်ပေးကြရေးတို့ကို အလေးထားမှာကြားလေ့ရှိသည်။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသားလေးများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)ကျောင်းများတွင် ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာ(အေဂျီတီအိုင်)ဘာသာရပ်များ သင်ယူနိုင်ရေး၊ ကျောင်းသူလေးများအနေဖြင့် စစ်ကိုင်းမြို့ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် BE.d ငါးနှစ်သင်တန်းတက်ရောက်ခွင့်ရရှိရေး၊ အခြားသင့်တော်ရာ တက္ကသိုလ်၊ ကောလိပ်များတွင် ဆက်လက်ပညာသင်ယူခွင့်ရရှိရေးတို့အတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကိုတည်ဆောက်

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်-

(က) တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့်လူငယ်များဖြစ်လာစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည်ထိန်းသိမ်းသွားရန်၊

(ဃ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ထက်သန်စေရန်၊

(င) အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့်စိတ်ဓာတ်များ မွေးမြူပေးရန်၊

(စ) ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်စေရန်။

လူငယ်ကျောင်းများ တိုးချဲ့ဖွင့်လှစ်

ကချင်ပြည်နယ်တွင် ပူတာအို၊ မြစ်ကြီးနား(၁)၊ မြစ်ကြီးနား(၂)၊ ဗန်းမော်၊ ရှမ်းပြည်နယ်တွင် လားရှိုး၊ ကွမ်းလုံ၊ လောက်ကိုင်၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွယ်မွေ၊ ပင်လုံ၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ကရင်ပြည်နယ်တွင် ဘားအံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကမာရွတ်ကျားကျောင်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ချင်းပြည်နယ်တွင် မင်းတပ် (၁)၊ မင်းတပ် (၂)၊ မတူပီ၊ ကန်ပက်လက်၊ ဟားခါး၊ တွန်းဇံ၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီး၊ လဟယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီး၊ ကလေး၊ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူမြို့တို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူ ၃၄၈၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြသည်။ ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တို့၌ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှု သင်တန်းကျောင်းများ

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအနေဖြင့် စက်မှုလက်မှု အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖြစ်ကြသော လက်သမား၊ ပန်းရန်၊ သံချည်သံကွေးစသော အတတ်ပညာများသင်ယူနိုင်ရန် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့များတွင် လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌လည်းကောင်း ဖွင့်လှစ်ထားပြီး ဖြစ်သည်။ လက်သမား၊ ပန်းရန်သင်တန်း၊ စက်ပြင်သင်တန်း၊ လျှပ်စစ်ဂဟေဆက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဖွင့်လှစ်နိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိသည်။

ရေငတ်ပန်းများ မဟုတ်တော့ပြီ

လူငယ်သင်တန်းကျောင်းများတွင် နေထိုင်လျက် ပညာသင်ယူနိုင်ရေး စိစစ်ရွေးချယ်ရာ၌ မိဘနှစ်ပါးစလုံး မရှိတော့သူကို ဦးစားပေးလက်ခံခဲ့ပြီး အမိမဲ့သူ၊ အဖမဲ့သူ၊ ဆင်းရဲနွမ်းပါး၍ ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများကိုလည်း ပြုစုပျိုးထောင်လျက်ရှိသည်။ တစ်ချိန်ကမူ ယင်းကလေးငယ်များကို ရေငတ်ပန်း ကလေးများအဖြစ် တင်စားခဲ့ကြဖူးသည်။ ခေတ်ကာလများပြောင်းလဲခဲ့ပြီး ၎င်းတို့ဘဝရှင်သန်ရပ်တည်နိုင်ရုံမျှ လောက်သာ ရည်မှန်းချက်ထား၍ ပြုစုစောင့်ရှောက်ခြင်း မျိုးမဟုတ်တော့ပေ။ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေလိုအပ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော လူငယ်သင်တန်းကျောင်းများ၊ စက်မှုလက်မှုသင်တန်း ကျောင်းများသည် နိုင်ငံတော်၏လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖန်တီးဖော်ဆောင်ပေးလျက် ရှိပါကြောင်း။ ။

ဓမ္မပဒဆုံးမစာ မိုဘိုင်းဖုန်းများသို့ ဓမ္မဒါနထည့်သွင်းလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် လှေကား(ရင်ပြင်အနီး)တွင် အောက်တိုဘာ ၁၉ ရက်(သီတင်းကျွတ်လပြည့်နေ့)က ဓမ္မပဒဆုံးမစာ အက်ပလီကေးရှင်းကို ဘုရားဖူးလာအများပြည်သူတို့၏ မိုဘိုင်းဖုန်းများသို့ ဓမ္မဒါနအလှူအဖြစ် အီးထရိတ်မြန်မာကုမ္ပဏီမှ ထည့်သွင်းပေးသည်။

မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မပဒဆုံးမစာများကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ခေတ်အဆက်ဆက် စာအုပ်များ ထုတ်ဝေ၍ ပူဇော်ခဲ့ကြရာ ယခုအခါ ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သော ဆရာတော် အရှင်သေဋ္ဌိလနှင့် ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သော ဆရာတော် အရှင်ဗုဒ္ဓရက္ခိတတို့၏ ဓမ္မပဒပါဠိတော်လာတရားများကို အီးထရိတ်မြန်မာကုမ္ပဏီက မိုဘိုင်းဗားရှင်းဖြင့် ရေးဆွဲလှူဒါန်းပူဇော်ပြီး အလွယ်တကူ ယူဆောင်ဖတ်ရှုနိုင်ရန် ဓမ္မဒါနအဖြစ် ထည့်သွင်းပေးခြင်းဖြစ်သည်။

အဆိုပါ ဓမ္မပဒအက်ပလီကေးရှင်းကို အန်းဒရွိုက်နှင့် အိုင်အိုအက်စ် ဗားရှင်းနှစ်မျိုးဖြင့် ထုတ်လုပ်ထားပြီး အောက်တိုဘာ ၁၉ရက် (သီတင်းကျွတ်လပြည့်နေ့)က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီနှင့် မန္တလေးမဟာမြတ်မုနိဘုရားတို့တွင် ဘုရားဖူးလာပြည်သူများ၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းလှူဒါန်းပေးပြီး apps.etmsms.com တွင်လည်း ဒေါင်းလုတ်ယူနိုင်ကြောင်း သိရသည်။ **(အောင်သူရ)**

မြောင်းပေါင်များ ကျိုးပျက်၍ ရေစီးလမ်းကြောင်းပိတ်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း၌ ကမ်းနားလမ်းနှင့် ကုန်တွဲရထားသံလမ်းကြားရှိ ရေမြောင်းကြီးမှာ ဇမ္ဗူရတနာဘုန်းတော်ကြီးကျောင်းရှေ့ တစ်လျှောက်တွင် ကျောက်ပြားမြောင်းအဖုံးများဖြင့် သပ်ရပ်စွာပြုလုပ်ထားပြီး ရေစီးရေလာကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ယင်းကောင်းမွန်သော ရေမြောင်းအဖုံးနှင့် မြောင်းပေါင်များမှာ သစ်လုံးကွန်တိန်နာဝင်းအတွင်းသို့ သစ်လုံးများလာချသော သစ်လုံးတင်ကားကြီးများ၏ စည်းကမ်းမဲ့စွာမောင်းနှင်ရပ်တန့်ခြင်းများကြောင့် ပုံတွင် မြင်တွေ့ရသည့်အတိုင်း မြောင်းပေါင်များ ကျိုးပျက်ကာ မြောင်းများကျဉ်းမြောင်းသွားရခြင်း၊ ကျိုးပဲ့ပျက်စီးသွားသည့်အုတ်ကျိုးများမှ ရေစီးလမ်းကြောင်းပိတ်ဆို့ခြင်းများကြောင့် ရေစီးရေလာရပ်တန့်သွားရခြင်းများ ဖြစ်ပေါ်လျက်ရှိရာ **(ဝဲပုံ)** ကျောင်းရှိသံဃာတော်နှင့် အကျိုးတော်ဆောင်များကလည်း ပျက်တိုင်းပြင်ပေးနေရ၍ မပြီးဆုံးတော့ပါကြောင်း၊ ယခုဆိုလျှင် ဘုန်းကြီးကျောင်းဝင်းနှင့်ကပ်နေသော ရေမြောင်းမှာ ကျိုးပျက်ပြီးမြောင်းဖုံးပလက်ဖောင်းမရှိသော နေရာများ၌ ခရီးသွားများက ကွေ့လျှောက်နေရသလို စည်းကမ်းမဲ့ရပ်တန့်သော သစ်လုံးတင်ယာဉ်ကြီးများကိုလည်း ရှောင်ရှားနေရသဖြင့် အန္တရာယ်နှင့်နီးကပ်နေပါသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့မှ စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

(ရွှေတိုင်လွင်)

ကျောင်းပြင်ပမူလတန်းပညာရေး ဗုန်အဆင့်နည်းပြသင်တန်း(ရန်ကုန်ဗုန်)ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၁၃-၂၀၁၄ ပညာသင်နှစ်(ဒုတိယနှစ်ဝက်)ကျောင်းပြင်ပ မူလတန်းပညာရေးဗုန်အဆင့် နည်းပြသင်တန်း (ရန်ကန်ဗုန်)ဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မူလတန်းပညာကို ကျောင်းသင်ပညာရေး (Formal Education) နည်းလမ်းနှင့်အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်သည့် ကလေးများအတွက် ကျောင်းပြင်ပပညာရေး(Non-Formal Education)နည်းလမ်းဖြင့် မူလတန်းပညာအား ဆက်လက်သင်ကြားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၅ ရက်ထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၆၀၀ တက်ရောက်သည်။ သင်တန်းဖွင့်ပွဲတွင် လူတိုင်းအတွက်ပညာရေးဆိုင်ရာ နိုင်ငံအဆင့်ညှိနှိုင်းရေးမှူး ဦးတင်ညိုက အလယ်တန်းအဆင့်သို့ ဆက်မတက်နိုင်သည့် ကလေးများ ကျောင်းပြင်ပသို့ရောက်ရှိသွားလျှင် ပညာတပိုင်းတစဖြင့် ဘဝရပ်တည်ရန် ခက်ခဲကြောင်း၊ ထို့အတွက် ဝင်ငွေတိုးလုပ်ငန်းဖြစ်သော စာအုပ်ချုပ်ခြင်း၊ အလှပန်းလုပ်ခြင်း၊ ဖျာရက်ခြင်းနှင့် ဒေသနှင့်လျော်ညီသည့် ရွှေချည်ထိုးကဲ့သို့သော လုပ်ငန်းများကို သင်ကြားပေးလိုက်ခြင်းဖြင့် ကလေးများဘဝကို ဖြောင့်မတ်စွာ ရပ်တည်သွားနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ကျေးလက်နေပြည်သူများ၏ သားသမီးများအတွက် ပညာရေးဆောင်ရွက်ချက်ဝမ်းသာစရာ

နတ်တလင်း အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အပါအဝင် စုစုပေါင်းကျေးရွာအုပ်စု ၈၂ အုပ်စုရှိပြီး စာသင်ကျောင်းပေါင်း ၁၈၉ ကျောင်းရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းပေါင်း ၁၆ ကျောင်းဆောက်လုပ်ပေးမည်ဖြစ်သည်။

ပညာရေးဌာနမှ အဆင့်ဆင့်တင်ပြပြီးတောင်းခံရာ ဆောက်လုပ်ခွင့်ရရှိသောကျောင်း နှစ်ကျောင်းနှင့် ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြတောင်းဆိုမှုကြောင့် ခွင့်ပြုချက်ရရှိသောကျောင်းမှာ ၁၄ ကျောင်းဖြစ်သည်။ ဆောက်လုပ်ရန်ရွေးချယ်ရာတွင်လည်း (က) အန္တရာယ်ရှိသောကျောင်း၊ (ခ) ကျောင်းသားအရေအတွက်နှင့်မမျှတသောကျောင်း၊ (ဂ) ဥပဓိရုပ်မကောင်းသောကျောင်းဟူ၍ ခွဲခြားဆောင်ရွက်သွားမည်ဟု သိရသည်။ အန္တရာယ်ရှိသောကျောင်းဟုဆိုရာတွင်လည်း ပထမဦးစားပေးအဆင့်မှာ လတ်တလောအန္တရာယ်ရှိနိုင်သောကျောင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းအားလုံးကို နေကြယ်ဦးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်၍ တာပွန်နယ်မြေတွင် ရွှေကျွန်းတောအခြေခံပညာမူလတန်းကျောင်းနှင့် ရေကြည်ကျေးရွာမှ စာသင်ကျောင်းတို့ကို စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ဆောက်လုပ်ရေးကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုရာတွင် စတင်ဆောင်ရွက်သည့်အချိန်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အပြီးဆောက်လုပ်ရန်နှင့် အရည်အသွေးပြည့်မီအောင် ဆောက်လုပ်ပေးခြင်း၊ သတ်မှတ်ရက်ပြီးအောင်ဆောက်လုပ်ပေးခြင်းစသည့်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ ကျောင်းအကျယ်အဝန်းမှာ ပေ (၉၀×၆၀) နှစ်ကျောင်း၊ ပေ (၆၀× ၃၀) ၁၄ ကျောင်းဖြစ်ပြီး အဆောက်အအုံအမျိုးအစားမှာ အုတ်ညှပ်တစ်ထပ်တိုက်ကျောင်းများဖြစ်ကြောင်း သိရသည်။ **(၀၇၁)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

လွှတ်တော်ရေးရာ

❒ ပြည်သူ့လွှတ်တော်မှ

ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလိုက်နာပါက လေလံလိုင်စင် ဖျက်သိမ်းအရေးယူခြင်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ တရားမဝင်တင်ပို့/တင်သွင်းမှုများကို အကောက်အခွန်ဥပဒေဖြင့်သာမက ပိုမိုထိရောက်သော ပို့ကုန်သွင်းကုန်ဥပဒေဖြင့်ပါ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင် ကျွဲ၊ နွား မှောင်ခိုသယ်ဆောင်မှုများအပါအဝင် ကန့်သတ်ကုန်များကို နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့မှု ပပျောက်စေရေးအတွက် ပြည်သူလူထုကို အသိပညာပေး ဆောင်ရွက်ခြင်း၊ ဥပဒေဖြင့်ထိရောက်စွာအရေးယူခြင်း အပြင် တစ်ဖက်ကလည်း ကျွဲ၊ နွား၊ ဆိတ်များကို စီးပွားဖြစ် ထုတ်လုပ်တင်ပို့နိုင်အောင်ဆောင်ရွက်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း စားသုံးမှုဖူလုံသည့်အပြင် ပြင်ပသို့တိုးချဲ့နိုင်ရေးကို တာဝန်ရှိအဖွဲ့အစည်းများနှင့်အတူ ပြည်သူများက ဝိုင်းဝန်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ၉/၉၃)ကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်တို့က သဘောထား နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသင့်ပါကြောင်း၊ လက်ခံစဉ်းစားရန်သင့်တော်မည်မဟုတ်ဟု ယူဆပါကြောင်း ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်းတင်သွင်းရခြင်းနှင့်ပတ်သက်၍ **ဦးသိန်းညွန့်**က "သတင်းမီဒီယာတွေမှာ ရေးသားဖော်ပြချက်တွေအရ အသက်(၁၆)နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေကို လိင်ပိုင်းဆိုင်ရာစော်ကားတဲ့ ပြစ်မှုတွေ များပြားလာတာတွေ့ရပါတယ်။ နောင်မှာ ပေါ်ပေါက်လာနိုင်တဲ့ အန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ဖို့လိုအပ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုကို စိန်ခေါ်လာတဲ့၊ လူမဆန်တဲ့ ကိုယ်ကျင့်တရားပျက်ကွက်မှုဖြစ်တဲ့အတွက် ထိရောက်ဟန့်တားနိုင်လောက်တဲ့ပြစ်ဒဏ်တွေချမှတ်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်က မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် အပိုဒ်-၃၄ မှာ ကလေးသူငယ်တွေအားလုံးဟာ လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းတာကနေ အကာအကွယ်ရရှိပိုင်ခွင့် ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်နဲ့အညီ ကလေးသူငယ်တွေကို ဥပဒေအကာအကွယ်ပေးနိုင်ဖို့ပြင်ဆင်တင်ပြရတာဖြစ်ပါတယ်"ဟု ထည့်သွင်းတင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို အစီအစဉ်(၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

✪ အမျိုးသားလွှတ်တော်မှ

နိုင်ငံခြားသွား ပင်လယ်ကူးသင်္ဘောများက နိုင်ငံတကာ ရေပြင်ကိုဖြတ်သန်း၍ သယ်ယူပို့ဆောင်ရာတွင် ဖြစ်ပွားလေ့ရှိသည့်အမှုအခင်းများဖြစ်ပါကြောင်း၊ ၎င်းသင်္ဘောတွင် အလံလွှင့်ထူထားသည့် နိုင်ငံ၏ အချုပ်အခြာအာဏာ နေရာဟု အပြည်ပြည်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသဖြင့် နိုင်ငံတကာက ယင်းအမှုများကို လက်အောက်ခံ တရားရုံးများ၌ စီရင်ပိုင်ခွင့်မပေးဘဲ တရားစီရင်ပိုင်ခွင့် အမြင့်ဆုံးရှိသည့် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့တွင်သာ ၎င်းတို့၏တရားစီရင်ရေးဆိုင်ရာ ဥပဒေအရ အပ်နှင်းထားသည်ကို လေ့လာသိရှိရပါကြောင်းဖြင့် အဆိုရှင်က တင်ပြခဲ့သည်။

ထို့ပြင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအမှတ် (၂၀/၂၀၁၀)တွင် ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁(ဃ)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ "ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ" စီရင်ပိုင်ခွင့်ရှိသည်ဟူ၍သာ ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါကြောင်း၊ ပင်လယ်ရေကြောင်းတွင်ဖြစ်ပွားသည့် တရားမမှုသဘောဖြစ်သည့် ငွေကြေးနှင့်ပစ္စည်းနစ်နာမှုများအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ တရားမမှုစီရင်ပိုင်ခွင့်များ မပါရှိကြောင်း။

သို့ပါ၍ ပင်လယ်ရေကြောင်းဆိုင်ရာအမှုများမှာ မြန်မာ့ရေပြင်နှင့်လည်းကောင်း၊ နိုင်ငံတကာရေကြောင်းနှင့်လည်းကောင်း ဆက်စပ်ပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသည့် ကွန်ဗင်းရှင်းအများအပြားအနက် သက်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ စစ်ဆေးစီရင်ရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အဆိုပါစီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းနိုင်ရေးအတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအမှတ် (၂၀/၂၀၁၀)ကို လိုအပ်သလို ပြင်ဆင်သင့်ပါကြောင်းဖြင့် အဆိုနှင့်စပ်လျဉ်း၍ တင်သွင်းခဲ့ရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်က "ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအမှတ်(၂၀/၂၀၁၀)မှာ ပင်လယ်ရေကြောင်းနဲ့ပတ်သက်တဲ့စီရင်ပိုင်ခွင့်မှာ ပြစ်မှုပဲပါတယ်။ တရားမကြောင်းအနေနဲ့ အတိအလင်းမပါပါဘူး။ ပုဒ်မ ၁၁ (ဃ)မှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ် သို့မဟုတ် ကောင်းကင်ယံကျူးလွန်တဲ့ ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကိုဖောက်ဖျက်ရင် စီရင်ပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ အဲဒီတော့ ပင်လယ်ရေကြောင်းမှာ ဖြစ်ပွားတဲ့ တရားမမှုတွေဖြစ်တဲ့ ငွေကြေးနဲ့ပစ္စည်း နစ်နာမှုတွေ၊ နောက်တစ်ခု ပင်လယ်ရေကြောင်းဆိုင်ရာ တရားမမှု စီရင်ပိုင်ခွင့်တွေ မပါတဲ့အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ယခုအချိန်ထိ ရေကြောင်းနဲ့ဆိုင်တဲ့ တရားမမှုတွေကို စီရင်ပိုင်ခွင့်အပ်နှင်းခြင်း မရှိသေးပါဘူး။ မရှိသေးတဲ့အတွက် ဘယ်တရားရုံးမှာတရားစွဲပိုင်ခွင့် ရှိတယ်ဆိုတာတွေဟာ အငြင်းပွားမှုတွေဖြစ်နေပါတယ်။ ကိုယ့်ပင်လယ်ရေကြောင်းမှာ ကိုယ့်သင်္ဘောနဲ့ သူများ သင်္ဘောတိုက်မိတဲ့အခါ ကိုယ်ကပဲနစ်နာသလား၊ သူကပဲ နစ်နာသလားဆိုတာကို တရားစီရင်တဲ့အခါ ပြစ်မှုကြောင်းပဲ ပါတယ်။ တရားမကြောင်းမပါတဲ့အတွက် လုပ်ရကိုင်ရတာ အလွန်ခက်ပါတယ်။ ဒါကြောင့် တရားလွှတ်တော်ချုပ်မှာ တရားမစီရင်ပိုင်ခွင့်တွေကို အမြန်ဆုံးစိစစ်ဆောင်ရွက်သင့်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသာမက မြန်မာနိုင်ငံတောင်ပေါ်ဒေသများ၊ နိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် နေရာဒေသမရွေး မိုးကြီးရေလွှမ်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ရေရှည်အစီအမံများဖြင့် ထိရောက်စွာရုပ်လုံးဖော်နိုင်ရေးအတွက် **"မြန်မာနိုင်ငံ မိုးရာသီရေကြီးပျက်စီးဆုံးရှုံးမှုများလေ့လာဆန်းစစ်ခြင်း (Flood Damage Analysis)နှင့် ထိခိုက်မှုသက်သာလျော့နည်းစေရန် ကုစားနိုင်မည့်အစီအမံများ(Mitigation Measures)ဖြင့် ပြည်သူများ ရေရှည်အကျိုးခံစားနိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် အစီရင်ခံစာ(၁)ခုဖတ်ကြားခြင်း၊ အဆို(၂)ခုတင်သွင်းခြင်းတို့အပြင် ပညာရေးဆိုင်ရာ မေးခွန်း(၁)ခုမေးမြန်းဖြေကြားခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၇၀၅ ဦးတို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Rao Huihua (Deputy Director General of IDCPC, China) ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်လေးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

(သတင်းစဉ်)

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၁

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဥပဒေကြမ်းကော်မတီ အိုင်ဆောင်အမှတ်-၂ တွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က အစည်းအဝေးဆုံးဖြတ်ချက်များကို ပြန်လည်စိစစ်ခြင်း၊ အဖွဲ့ဝင်ဦးဘရှိန်က လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ရေး အစီအစဉ်များကို တင်ပြခြင်း၊ ကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ပြင်ဆင်ချက်ဇယားများ ဆောင်ရွက်ထားရှိမှုတင်ပြခြင်း၊ ဥပဒေကြမ်းအချက်တစ်ချက်ချင်းအလိုက်စိစစ်ခြင်း၊ ဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ချက်များနှင့် လေ့လာတွေ့ရှိချက်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းသည်တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်အရေးကြီးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်

နေပြည်တော် အောက်တိုဘာ ၂၁

ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများရှိ လူဦးရေသန်း ၈၇၀ ခန့်သည် အစားအစာရှားပါးမှု၊ အာဟာရမပြည့်ဝမှု၊ မြေနှင့်ရေနည်းပါးလာမှု၊ အခြေခံအဆောက်အအုံမပြည့်စုံမှု၊ အရင်းအနှီးလိုအပ်မှု၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် အစားအစာထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်နေကြောင်း၊ မြို့ပြနှင့်ကျေးလက်ကွာဟချက်များကျဉ်းမြောင်းစေရေး၊ ပြည်သူများ၏ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကို တစ်နိုင်ငံလုံးဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသော Myanmar Agriculture Network အဆင့်မြင့်အစည်းအဝေးတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာထုတ်လုပ်ရေး၊ စဉ်ဆက်မပြတ်စားနပ်ရိက္ခာထုတ်လုပ်ရေး၊ ကျေးလက်မီးလင်းရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများကို ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် အဂ္ဂမဟာဗျူဟာ(၅)ခုအသုံးပြုကာ မြို့နယ် ၃၃ မြို့နယ်တွင် ရှေ့ပြေးစီမံကိန်းများကိုလာမည့် ၂၈ လကာလအတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိစေရန်အတွက် ပထဝီဝင်အနေအထားအရ မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဇုန်၊ တောင်ပေါ်ဒေသနှင့်ပဋိပက္ခဖြစ်ပွားရာဒေသများတွင်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် ဒေသတွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနေသည့်အတွက် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် Stakeholder အားလုံးနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှု၊ စွမ်းစွမ်းတမံဆောင်ရွက်မှု၊ ပြည်သူပြည်သားများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် စက်မှု၊ ကုန်သွယ်အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်တို့က နိုင်ငံတကာကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများလက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြပြီး World Economic Forum, Food Security and Development Initiatives မှ Senior Director Lisa Dreier က ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(ရန်ကုန်)ရုံး အစည်းအဝေးခန်းမ၌ Chief Representative Mr. Masahika TANAKA နှင့်တွေ့ဆုံ၍ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ JICA မှအပူပိုင်းမိုးနည်းရပ်ဝန်းဒေသ ကျေးလက်ဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံတစ်ဝန်း ကျေးလက်လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးစီမံကိန်းများတွင် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများ၊ ဆိုလာစနစ်သုံးမီးလင်းရေးလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအတွက် စက်ကိရိယာပစ္စည်းများ ကူညီထောက်ပံ့ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၁၀-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	“ရွှေဟောင်းသမိုင်းဝင် မောခေါရှင်”
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၉း၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ (ဂီတရုပ်သာ) (အပိုင်း-၄)
၁၁း၄၅	“အရက်နှင့်ကျန်းမာရေး” (အပိုင်း-၁)
၂း၁၅	တေးဂီတအစီအစဉ်
၂း၃၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၄း၂၅	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက/ တေးသံသာ
၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၆း၂၀	ဆင်ခြေထောက် ရောဂါအကြောင်း သိကောင်းစရာ
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း
၈း၄၅	ပြည်သူ့အတွက် ကြိုးပမ်းမှု ပုံရိပ်များ -“ဆိုလိုက်ကြစို့”

မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်စဉ်။

ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်းတတိယလုပွဲကစားရမည်

ဗီယက်နမ် အောက်တိုဘာ ၂၁

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ အောက်တိုဘာ ၂၁ ရက်က ပြီးဆုံးသွားခဲ့ပြီး မြန်မာယူ-၁၉ အသင်းမှာတတိယနေရာလုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲစဉ်များတွင် မြန်မာကသြစတြေးလျကလပ် ဆစ်ဒနီလူငယ်ကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်ဗီယက်နမ်က မလေးရှားကို ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၅၅ မိနစ်တွင် ရှိုင်းသူရက သွင်းယူပေးခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ်က ကိုးမှတ်ဖြင့် ပထမ၊ ဆစ်ဒနီလူငယ်က ခုနစ်မှတ်ဖြင့်ဒုတိယ၊ မလေးရှားက ငါးမှတ်ဖြင့်တတိယ၊ မြန်မာက လေးမှတ်ဖြင့် စတုတ္ထ၊ စင်ကာပူကနှစ်မှတ်ဖြင့် ပဉ္စမတို့ရရှိကြသည်။ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့်ဆစ်ဒနီလူငယ်၊ တတိယလုပွဲအဖြစ် မလေးရှားနှင့်မြန်မာတို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ကစားသွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ်ကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် မြန်မာအသင်းမှာ ယူ-၁၉ အသင်းဖြင့်သာ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **(ဖိုးသော်ဇင်)**

ဘီးပေါက်ပြီး လမ်းလယ်ကျွန်း ဝင်တိုက်

နေပြည်တော် အောက်တိုဘာ ၂၁

အောက်တိုဘာ ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၇၄/၀-၁)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဥဿျစ်ကုန်းအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့ ဈေးပိုင်းနေ အောင်ကိုလတ်(၃၅)နှစ် မောင်းနှင်လာသော ၄ယ/xxxx ပရိုဘောက်စ်အဖြူရောင်ယာဉ်သည် ယာဘက်ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကျွန်းဘယ်ရှိ ယာတုံးများအားတိုက်မိကာ လမ်းလယ်ကျွန်းပေါ် ရောက်ရှိရပ်တန့်သွားခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် တစ်စုံတစ်ရာထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ခေါင်းခြမ်းဝဲဘက် ပိန်ချိုင့်၊ နောက်လေကာမှန်ကွဲ၊ ယာတံခါးမှန်ကွဲ၊ တန်ဖိုးငွေကျပ် ၁၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်ကိုလတ်အား ဥဿျစ်ကုန်းအမြန်လမ်းရဲစခန်းက ယာဉ်(ပ)၁၅/၂၀၁၃၊ ပြစ်မှုပုဒ်မ၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဘရိတ်ပေါက်ပြီး ယာဉ်တိမ်းမှောက်၍ တစ်ဦးသေ

နေပြည်တော် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၂၃/၇)နှင့် (၁၂၄/၀)ကြား၌ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ်၂၀ တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇောဓိကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးမှ ရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မအူတန်းရပ်နေ ထွန်းအောင်ဇော်(၂၅)နှစ်မောင်းနှင်လာသော ၈ဏ/.... လိုက်အေ့ အဖြူရောင်ယာဉ်သည် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးများအား တိုက်မိကာ တိမ်းမှောက်ခဲ့ကြောင်းသိရသည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ၂၁ ဦးအနက် မန္တလေးမြို့ ဇောဓိကုန်း အလယ်ရပ်နေသူများဖြစ်သည့် ဒေါ်ကော်မူ (၅၅)နှစ်တွင် ဝဲ/ယာ မျက်စိဖူးရောင်၊ နှာခေါင်းသွေးထွက်၊ ဝဲနားရွက်အပေါ်ပိုင်း ပြတ်ရှပေါက်ပြဲဒဏ်ရာ၊ မရှမ်းမ (၄၅)နှစ်တွင် ယာနဖူး/ယာပါး/ယာမျက်လုံးပေါက်ပြဲဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ဒေါ်ကော်မူမှာ ဖြူးဆေးရုံမှတစ်ဆင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။

ထို့ပြင် ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ဝဲ/ယာတံခါးမှန်ကွဲ၊ ဘော်ဒီအနည်းငယ်ပိန်ချိုင့်ကာ တန်ဖိုးငွေကျပ် ၁၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းဇော်အောင်အား ဇောဓိကုန်းအမြန်လမ်းရဲစခန်းက ယာဉ် (ပ)၁၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အရှိန်မထိန်းနိုင်ဘဲ သစ်ပင်အား ဝင်ရောက်တိုက်မိ

နေပြည်တော် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၄၄/၁-၂)ကြား၌ အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မန္တလေးမှ ရန်ကုန်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (၇၃/၆၈)လမ်းနေ မယဉ်ယဉ်မြင့်(၃၁)နှစ် မောင်းနှင်လာသော ၉ယ/xxxx အာအေဗ္ဗီ-၄ အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသားလမ်းပေါ်သို့ထိုးကျခဲ့ပြီး လမ်းဘေးရှိသစ်ပင်အားဝင်ရောက်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့်ယာဉ်မောင်း မယဉ်ယဉ်မြင့်တွင် ယာနားထင်ပေါက်ပြဲ၊ ယာလက်မောင်းပွန်းပဲ့၊ ယာဒူးပွန်းပဲ့ဒဏ်ရာနှင့် တစ်ရပ်တည်းနေ ဒေါ်သန်းစိန်(၆၃)နှစ်တွင် နဖူး/ဝဲလက်ဖမိုးပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ယာဉ်မှာရှေ့လေကာမှန်ကွဲ၊ရှေ့ဝဲ/ယာတံခါးတွန့်ကြေ၊ တန်ဖိုးငွေကျပ်(၅)သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ မယဉ်ယဉ်မြင့်အား ပေပင်လေးအမြန်လမ်းရဲစခန်းက ယာဉ်(ပ)၁၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

❋ **ဆီးဂိမ်းပြိုင်ပွဲမှ**

သို့ဖြစ်၍ ဝင်/ထွက်ခွင့်ကတ်ပြားများကို နိုဝင်ဘာ လဆန်းမှစတင်ကာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ ပြုလုပ်ကြရန်နှင့် ကတ်ပြားပြုလုပ်ပေးမည့်ရက်စွဲနှင့် အချိန်နေရာတို့ကို နေ့စဉ်ထုတ် သတင်းစာများတွင် ထပ်မံ ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

❖ **ဖုံးပေါက်ကွဲမှုမှ**

လုပ်ဆောင်ခြင်းမဟုတ်ကြောင်းနှင့် အဖြစ်မှန်ပေါ်ပေါက်၍ တရားခံများဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်အထိ KNU အဖွဲ့မှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဖော်ထုတ်ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးရပ်တန့်သွားမည်မဟုတ်ဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(မြဝတီ)**

❍ **ကျောဖုံးမှ**

မြန်မာလှေလှော်အဖွဲ့မှာ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ ခုအထိရယူပြီး မြန်မာအားကစားအဖွဲ့များထဲတွင် အအောင်မြင်ဆုံးအားကစားအဖွဲ့ဖြစ်ခဲ့သည်။ ယခု(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း လှေလှော်အားကစားနည်းမှ ရွှေတံဆိပ် ၄၂ ခု ချီးမြှင့်မည်ဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲ မှ ရွှေ ၁၈ ခုအထိ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့မှာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ၂၀၁၂ ခုနှစ်ကတည်းက ပဏာမလက်ရွေးစင်ကစားသမား ၂၀၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး လက်ရှိအချိန်တွင် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အပြီးသတ်ကစားသမား ၉၆ ဦးကို ရွေးချယ်ခဲ့သည်။ မြန်မာလှေလှော်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်မှစ၍ ပြိုင်ပွဲကျင်းပမည့် နေပြည်တော်ရှိ ငလိုက်ဆည်သို့ ပြောင်းရွှေ့လေ့ကျင့်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာလှေလှော်အဖွဲ့သည် ဆီးဂိမ်းအကြို အာဆီယံ ဖိတ်ခေါ် လှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်က နေပြည်တော် ငလိုက်ဆည်တွင်ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲကိုသာထည့်သွင်းကျင်းပခဲ့ပြီး မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ မြန်မာလှေလှော်အဖွဲ့မှာ ယင်းပြိုင်ပွဲကို အောင်မြင်မှုရရှိရန်အတွက်မဟုတ်ဘဲ ဆီးဂိမ်းအတွက် ပြင်ဆင်သည့် အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ရိုးရာလှေလှော်ပြိုင်ပွဲ၌ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၆ ဦး၊ အနောက်တိုင်းလှေလှော်ပြိုင်ပွဲ၌ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ခြောက်ဦး၊ ကနူးကယက်ပြိုင်ပွဲ၌ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို ရွေးချယ်ထားသည်။

မြန်မာယူ-၂၃ အသင်းနှင့် ကိုရီးယား ဂွမ်ဂျူးအသင်း အနိုင်အရှုံးမပေါ်

နေပြည်တော် အောက်တိုဘာ ၂၁

တောင်ကိုရီးယားနိုင်ငံတွင် Joint Training ပြုလုပ်လျက်ရှိသည့် မြန်မာ ယူ-၂၃ အသင်းသည် အောက်တိုဘာ ၂၁ရက် ညနေပိုင်းတွင် ဂွမ်ဂျူးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ **(အောက်ပုံ)**မြန်မာအသင်းသည် တိုက်စစ်တွင် ကျော်ကိုကိုအား အထောင်ထားကာ ၄-၅-၁ ကစားကွက်ဖြင့် ယှဉ်ပြိုင် ကစားခဲ့သည်။ ကွင်းလယ်တွင် အောင်သူ၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ ဆက်ဖြိုးဝေ၊ ရဲလင်းအောင်၊ နောက်တန်း သိန်းသန်းဝင်း၊ အောင်ဟိန်းကျော်၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ ဂိုး မျိုးမင်းလတ်တို့ ပထမပွဲထွက်စာရင်းတွင် ပါဝင်ခဲ့သည်။

ပွဲစသည်နှင့် ဂွမ်ဂျူးအသင်းသည်ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ တစ်ချက်ထိ အမြန်ပေးပုံစံဖြင့် မြန်မာအသင်းအား အနိုင်ရရှိအောင် ကြိုးစားခဲ့သော်လည်း မြန်မာအသင်းက မာမာထန်ထန်တုံ့ပြန်ကစားခဲ့သည်။ ပွဲချိန် ၈ မိနစ်တွင် ကျော်ကိုကို ကန်သွင်းသော်လည်း ဂွမ်ဂျူးဂိုးသမား ကာကွယ်သွားနိုင်ခဲ့သည်။ ပွဲချိန် ၁၀ မိနစ်တွင် မြန်မာနောက်ခံလူများ အမှားမှတစ်ဆင့် ဂွမ်ဂျူးအသင်း ပင်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ယင်းပင်နယ်တီကို မြန်မာအသင်းဂိုးသမား မျိုးမင်းလတ် ကာကွယ်နိုင်ခဲ့သော်လည်း နောက်တန်းကစားသမား သိန်းသိန်းဝင်း ဂိုးဧရိယာအတွင်းသို့ စောဝင်သဖြင့် ပြန်ကန်စေခဲ့သည်။ ထိုပြန်ကန်သည့် ဘောလုံးကိုလည်း ဂိုးသမားက လက်စွမ်းပြ ကာကွယ်ပုတ်ထုတ်နိုင်သဖြင့် ဂွမ်ဂျူးအသင်း ဦးဆောင်ဂိုးနှင့် လွဲချော်ခဲ့ရသည်။ ၂၇ မိနစ်တွင် ဂွမ်ဂျူးကွင်းလယ်ကစားသမား ဧရိယာပြင်မှ အမှတ်မထင် ကန်သွင်းခဲ့ရာ ဂိုးသမား ပုတ်ထုတ်ရန် ကြိုးစားခဲ့သော်လည်း လက်နှင့်ထိကာ ဂိုးဝင်သွားခဲ့သည်။ ၄၁ မိနစ်တွင် ကျော်ကိုကို ဖန်တီးပေးသော ဘောလုံးကို ဆက်ဖြိုးဝေ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးဘားနှင့် ကပ်ကျော်သွားခဲ့သဖြင့် နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ရန်အောင်ဝင်း၊ အောင်ဟိန်းကျော်၊ သိန်းသန်းဝင်းတို့နေရာတွင် နေလင်းထွန်း၊ အောင်ဇော်၊ စည်သူအောင်တို့ ဝင်ရောက်လာခဲ့ပြီးနောက် မြန်မာအသင်းကစားပုံ ပိုမိုကောင်းမွန်လာခဲ့သည်။ မိနစ် ၅၀ တွင် ကျော်ကိုကို ဂိုးဧရိယာအတွင်းမှ ဂွမ်ဂျူးအသင်းဂိုးသမားကို ကျော်ကန်ကာ ချေပဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ နောက်ပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးများ ထပ်မံမသွင်းနိုင်တော့ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့်သာ သရေကျခဲ့ရသည်။

မြန်မာယူ-၂၃အသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် ဟိုနမ်တက္ကသိုလ် လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် အထူးစည်ကား

ကျိုက်ထို အောက်တိုဘာ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တွင်းပြည်ပမှ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိပြီး ရင်ပြင်တော်အနီးအနားဟိုတယ်များ၊ တည်းခိုခန်းများနှင့် ဘုရားဖူးတည်းခိုဆောင်များအပြင် ရင်ပြင်တော်တစ်ခုလုံးတွင် ဘုရားဖူးများဖြင့် ပြည့်နှက်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဘုရားဖူးမိဘပြည်သူများတက်ရောက်ကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ဘုရားဖူးလာကြသည့် ရပ်ဝေးရပ်နီးမှ ပြည်သူများအား ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကရင်ရိုးရာဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်းသိရသည်။

(မိုးဝေ)

စက်မှုထုတ်ကုန် ပစ္စည်းပြပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၁

စက်မှုဝန်ကြီးဌာန၏ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၁၃ နေပြည်တော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်သူများ(အခမဲ့) လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၁၀-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	“သေရဲအောင်ကြိုးစားပါ” တရားတော် (ဆရာတော် အရှင်ပညာနန္ဒ)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “မျက်နှာဖုံးချစ်သူ” (အပိုင်း-၁၁၀)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ဆန္ဒနတ်သမီး” (အပိုင်း-၃၈)
၈း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးမှုကမ္ဘာ” (အပိုင်း-၉၁)
၉း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းတရားနှင့်” (အပိုင်း-၂၁)

မော်လမြိုင်မြို့လယ်ကောင်တွင် မီးလောင်မှုဖြစ်ပွား

မော်လမြိုင် အော်တိုဘာ ၂၁

ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့အောက်လမ်းမကြီး ရွှေတောင်ရပ်ရှိ စတိုးဆိုင် ဖွင့်လှစ်ထားသော နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် မော်လမြိုင်မြို့အောက်လမ်းမကြီး ရွှေတောင်ရပ် အိမ်အမှတ်(၁၉၁) ပန်းကောင်းရွှေစင်မွေ့ရာနှင့် အရုပ်ဆိုင်၏ စတိုခန်းအတွင်းမှ ကလေးကစားစရာ အရုပ်များရှိ ဘက်ထရီခြောက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ ပေ ၂၀ × ပေ ၅၀ နှစ်ထပ်တိုက်တစ်ခုလုံး မီးလောင်သွားခဲ့သည်။

မီးလောင်ရာသို့ မော်လမြိုင်မြို့နှင့်ပတ်ဝန်းကျင်မြို့များမှ မီးသတ်ကားအစီး ၂၀ နှင့်အရပ်ဘက်လူမှုရေးအသင်းများမှ ရေသယ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦး၊ အရန်မီးသတ် ၁၅၀ နှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်ကြရာ နံနက် ၁၁ နာရီတွင် မီးညွှန့်ကျိုးသွားပြီး မွန်းတည့် ၁၂ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

(၆၉၄)

မိုးရွာတုန်းရေခံသော မြို့များ

ရှေးမြန်မာပညာရှိများက အချိန်နှင့်ပတ်သက်၍ "လသာတုန်းဗိုင်းငင်" "မိုးရွာတုန်းရေခံ" "အချိန်နှင့်ဒီရေသည် လူကိုမစောင့်" "အချိန်ရှိခိုက်လှံ့လစိုက်" ဟူသော စကားပုံများသတ်မှတ်ခဲ့သည်။ ထိုစကားပုံများအတိုင်းအချိန်ကို အသုံးပြုပါကကောင်းကျိုးများဖြစ်လာပြီးတိုးတက်အောင်မြင်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည်။ ထို့ကြောင့် နွေရာသီရောက်တိုင်း ရေပြဿနာများဖြင့် ကြုံတွေ့ခဲ့ကြရသည်။ နွေရာသီရောက်တိုင်း ကျေးလက်ဒေသများရှိ ကန်များရေခန်းခြောက်ပြီး သောက်သုံးရေနှင့် တိရစ္ဆာန်အတွက် ရေအခက်အခဲများ ကြုံတွေ့ကြရသည်။ ရေတစ်ထမ်း၊ ရေတစ်လှည်း၊ ရေတစ်အိုးရရန်အတွက် သုံးလေးမိုင်ဝေးသော ရေရှိရာနေရာသို့ အလုပ်ပျက် အကိုင်ပျက် သွားရောက်ခပ်ကြရသည်။ ထို့ကြောင့် အညာဒေသမှ ကျေးလက်ပြည်သူများမှာ ရွှေကိုမလို ရေကိုသာလိုချင်ကြသည်။

နွားထိုးကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ကန်နားကန်ကြီးအား စက်ယန္တရားများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ရေထုတ်ပြွန်တိုးချဲ့ခြင်း၊ ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းများကို မိုးမကျမီ ဆောင်ရွက်ခဲ့ရာ အချိန်မီပြီးစီး၍ ယခုမိုးရာသီတွင် ကန်နားကန်မှာ ရေများဖြင့်ပြည့်နေပြီး ကျေးရွာလူထု သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်သည်။ ထိုနည်းတူ နွားထိုးကြီးမြို့နယ်အတွင်းရှိ မိုးကန်(အရှေ့)ကန်၊ သမင်ဘေးကန်၊ နယ်လှည့်စေတီကန်၊ ထန်းဂွ(အရှေ့)ကန်၊ ဒေါင့်တိုးကန်၊ နဘဲသာကန်၊ မြေခြားကန်၊ ပြရာချောင်းကန်၊ ကန်လျားရှည်ကန်၊ ရွာဘုံကန်၊ ကြာနီကန်၊ မောင်းအိုင်ကန်များကိုလည်း မိုးမကျမီ သဲနုန်းများတူးဖော်ပြီး ကန်ပေါင်ပြုပြင်နိုင်ခဲ့သဖြင့် မိုးအခါတွင် ရေများဝင်ရောက်နေပြီဖြစ်သည်။ နွားထိုးကြီးမြို့နယ်ရှိ ဆည်ငယ်၊ ကန်ငယ်များပြုပြင်နိုင်ခဲ့သဖြင့် အိမ်ထောင်စု ၂၀၄၃ စုမှ လူဦးရေ ၁၀၉၉၆ ဦးမှာ ရေအလုံအလောက်ရရှိနေကြပြီဖြစ်သည်။

ထိုနည်းတူ မြင်းခြံခရိုင် မြင်းခြံမြို့နယ် ဆည်မြောင်းဦးစီးဌာနကလည်း မိမိတို့မြို့နယ်အတွင်းရှိ ညောင်ဝန်းကန်၊ ဖက်ပင်အိုင်ကန်၊ မကျီးစုကန်၊ တောပုကန်၊ ချောင်းဒေါင်းကန်၊ ဓူဝံကန်၊ ချဉ်ပြင်ကျဉ်းကန် တို့ကိုလည်း မိုးမကျမီ ပြုပြင်နိုင်ခဲ့သဖြင့် အိမ်ထောင်စု ၁၇၂၉ စုမှ လူဦးရေ ၇၇၀၀ ကျော်သည် ယခုနှစ်အတွက် သောက်သုံးရေလုံလောက်စွာရရှိနေပြီ ဖြစ်သည်။

ထိုနည်းတူ မြင်းခြံခရိုင် တောင်သာမြို့နယ်တွင်လည်း ဆည်မြောင်းဦးစီးဌာနမှ မိမိတို့မြို့နယ်အတွင်း ဆည်မြောင်းကန်ချောင်းများဖြစ်သော ဘုန်းစည်ရိုးဆည်၊ ကန်တောင်ကန်၊ မိုးနှောင်းခင်းကန်၊ ဆင်သေကန်၊ ဦးဇင်ကန်၊ လက်ပံတောကန်များကို မိုးမကျမီ အချိန်မီတူးဖော် ပြုပြင်နိုင်ခဲ့သဖြင့် အိမ်ထောင်စု ၃၈၅၇ စုမှ လူဦးရေ ၂၂၂၅၀ တို့မှာ ယခုနှစ်မိုးရာသီတွင် သောက်သုံးရေအလျှံအပယ်ရရှိနေကြပြီဖြစ်သည်။

ညောင်ဦးခရိုင် ဆည်မြောင်းဦးစီးဌာနကလည်း မိမိတို့မြို့နယ်အတွင်းရှိ ဆည်ကန် ၁၅ ကန်အား ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ယခုနှစ်မိုးရာသီအမီ ဒေသခံတောင်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဖြူထွားကန်၊ ထီးပုကန်၊ ဒဟတ်ကန်၊ ဒဟတ်စီးကန်၊ ကျွန်းခင်းကြီးကန်၊ ဂျမ်းလှီးကန်၊ ခက်လန်းကန်၊ သဲကွင်းကန်၊ ကကျဲကန်၊ ပြွန်ကန်၊ ညောင်ပင်ကန်၊ မကျီးကန်းကန်၊ ကျောက်ပြင်ကန်၊ ဘိုကုန်းကန်တို့အားမိုးမကျမီ စက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခဲ့သဖြင့် ဒေသခံ အိမ်ခြေ ၃၀၄၃ ခုမှ လူဦးရေ ၁၄၈၈၅ ဦးတို့မှာ သောက်သုံးရေဖူလုံစွာရရှိနေကြပြီဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနက မိမိတို့မြို့နယ်အတွင်းရှိ ဆည်ကန်ငယ်များကို ပြုပြင်ခဲ့ရာ တောင်မြို့တွင်းဆည်၊ စမ်းကုန်းဆည်၊ ပြည့်ဝဆည်၊ ဆက်သကန်၊ ညောင်ပင်သာဆည်၊ ဆူးရစ်တန်းကန်၊ ရေထွက်ကလေးဆည်၊ ဆင်ဂေါင်းကန်၊ စွန်တောင်ကန်၊ ရွှေလောင်းရိုးကန်၊ ချောင်းမင်ကန်၊ ဆင်ကိုင်းကန်၊ ဘုန်းကြီးကန်၊ ကမ်းဖြူဆည်၊ ချောင်းမကန်တို့ကို မိုးမကျမီ အချိန်မီဆည်ဖို့ ပြုပြင်နိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၆၉ရွာမှ အိမ်ခြေ ၁၁၃၄ ခု၊ လူဦးရေ ၅၁၆၈၀တို့မှာ သောက်သုံးရေလုံလောက်စွာရရှိနေပြီး ဆည်ကန်ငယ်များမှာ ရေတဖွေးဖွေးဖြင့် တင့်တယ်လှပနေသည်။

ရှေးမြန်မာပညာရှိများ၏ "မိုးရွာတုန်းရေခံ" ဆိုသည့်စကားနှင့်အညီ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်များမှ ဆည်မြောင်းဦးစီးဌာနများသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဦးဆောင်မှုဖြင့် ယခုနှစ်မိုးမကျမီ မိမိမြို့နယ်အတွင်းရှိ ဆည်ကန်ငယ်များကို စက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်အားဖြည့်ခြင်း၊ ကန်ပေါင်တောရှင်းခြင်းလုပ်ငန်းများကို အချိန်မီအခါမီ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကန်ရေများ ပိုမိုလှောင်နိုင်ခြင်း၊ ယခုနှစ် ကန်တိုင်းတွင် ရေအပြည့်ရှိနေခြင်းတို့ကြောင့် ဒေသခံများမှာ သောက်သုံးရေ ဖူလုံစွာရရှိနေကြသဖြင့် ဆည်မြောင်းဦးစီးဌာနကို ကျေးဇူးတင် ဝမ်းသာမဆုံးရှိနေကြသည်။ **(တင်လှိုင်-မိတ္ထီလာ)**

၂၀၁၄-၁၅ တွင် တောင်ကြီးစည်ပင်သာယာ၌ သားသတ်လိုင်စင် လေလံပယ်ဖျက်တော့မည်

တောင်ကြီး အောက်တိုဘာ ၂၁

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် အမဲ၊ ဝက်၊ ဆိတ် သားသတ်လိုင်စင်အား လေလံရောင်းချခြင်းမပြုတော့ဘဲ လုပ်ငန်းရှင်များမှ လွတ်လပ်စွာရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။ ထိုကဲ့သို့ သားသတ်လိုင်စင်မရောင်းချတော့သည့်အတွက် ဝင်ငွေကျပ်သိန်းပေါင်း ၆၁၃၂ သိန်းခန့် လျော့နည်းသွားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လျော့နည်းသွားသည့်ဝင်ငွေအား ကာမိစေရန်အတွက် အခြားအခွန် ၂၈ မျိုးအား ပြင်ဆင်ကောက်ခံခြင်း၊ လစ်ဟာမှုရှိနေသည့် အခွန်အမျိုးအစားများအား တင်းပြည့်ကြပ်မတ်ကောက်ခံခြင်း စသည့်နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကောက်ခံနေသည့် အခွန်အမျိုးအစားများမှာ ပစ္စည်းခွန်၊ တိရစ္ဆာန်များအပေါ် ကောက်ခံသည့် အခွန်၊ ယာဉ်များအပေါ် ကောက်ခံသည့်အခွန်၊ အဆောက်အအုံစစ်ဆေးခြင်းမှရငွေ၊ ရေပေးခြင်းမှ ရငွေ၊ အခွန်ထမ်းအမည်လွှဲပြောင်းခြင်းမှရငွေ၊ ဈေးဆိုင်ခန်းများမှတ်ပုံတင်ခ၊ ဈေးဆိုင်ခန်းများငှားရမ်းခ၊ သားသတ်ရုံခ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခ၊ မီးသဂြိုဟ်/သုသာန်မြေငှားရမ်းခ၊ ပုဂ္ဂလိကအိမ်ဆိုင်၊ မုန့်ဆိုင်လုပ်ငန်းလိုင်စင်ခ၊ ကိုယ်ပိုင်ဈေးများလိုင်စင်ခ၊ စားသောက်ဆိုင်လုပ်ငန်းလိုင်စင်ခ၊ ဘေးအန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများလိုင်စင်ခ၊ အသားရောင်းလိုင်စင်ခ၊ တည်းခိုခန်းလိုင်စင်ခ၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းလိုင်စင်ခ၊ ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလိုင်စင်ခများ၊ ကိုယ်ပိုင်စီးပွားဖြစ်အိမ်သာ၊ ရေချိုးခန်းလုပ်ငန်း လိုင်စင်ခများ၊ ဓာတ်ပုံနှင့် ရုပ်မြင်ကင်မရာရိုက်ခွင့်လိုင်စင်ခများ၊ အပေါင်ဆိုင်လိုင်စင်ခ၊ ဘီးကောက် လိုင်စင်၊ ယာဉ်ရပ်နားစခန်းနှင့် ယာဉ်စောင့်လုပ်ငန်းလိုင်စင်ခ၊ ဈေးကောက် (ဈေးများငှားရမ်းခ)၊ အများသုံးအိမ်သာနှင့် ရေချိုးခန်းလိုင်စင်ခ၊ ကျွဲ၊ နွား ပွဲဈေးလိုင်စင်ခဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ သားသတ်လိုင်စင်များအနေဖြင့် လေလံကြေးမြင့်မားစွာပေးရခြင်းမရှိတော့သည့်အတွက် ပြည်သူများအနေဖြင့် လက်ရှိဝယ်ယူစားသုံးနေရသည့် အသားဈေးနှုန်းများဖြစ်သည့် ဆိတ်သားတစ်ပိဿာ ကျပ် ၁၀၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၈၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၈၀၀၀ မှ ၁၀၀၀၀ အကြား ဝယ်ယူစားသုံးနေရမှုထက် သက်သာသောဈေးနှုန်းဖြစ်စေရန် မျှော်လင့်ကြောင်းနှင့် ထိုသို့မဟုတ်ပါက ပြည်သူများအနေဖြင့် အခွန်အတုတ်လည်းပိုမိုပေးဆောင်ရပြီး အသား ဈေးနှုန်းလည်း ဒုံရင်းအတိုင်းဆိုပါက မိအေး နှစ်ခါသုံးခါနာနေမည်ဖြစ်ပါကြောင်း ဈေးဝယ်မိတ်ဆွေတစ်ဦး၏ပြောပြမှုကို တင်ပြလိုက်ရပါသည်။

နိုင်ထွန်း (TGI)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်
အငယ်တန်းစာရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် လူတွေ့/နှုတ်ဖြေစာမေးပွဲ ဖြေဆိုထားသူများ၏ အောင်စာရင်းထုတ်ပြန်ခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၆၇၀၀ဝ-၁၀၀ဝ-၇၂၀ဝ၀)ရာထူးနေရာများတွင် ခန့်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လ(၂၂)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၀)ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စာစစ်ဌာနတို့၌ ကျင်းပခဲ့သော လူတွေ့/နှုတ်ဖြေ စာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို မိမိတို့ဖြေဆိုခဲ့သည့် စာစစ်ဌာနများရှိရာ အောက်ပါနေရာများနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးခွဲများတွင် ၂၂-၁၀-၂၀၁၃ ရက်မှစ၍ ထုတ်ပြန်ကြေညာပေးထားမည် ဖြစ်ပါသည်။

(က) နေပြည်တော်စာစစ်ဌာနမှ အောင်မြင်သူများ - ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးအဖွဲ့၊ ရုံးချုပ် နေပြည်တော်။

(ခ) ရန်ကုန်စာစစ်ဌာနမှ အောင်မြင်သူများ - လူမှုဖူလုံရေးအဖွဲ့ (တိုင်းဒေသကြီးရုံး) အမှတ်-၃၂၄/၃၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

(ဂ) မန္တလေးစာစစ်ဌာနမှ အောင်မြင်သူများ - လူမှုဖူလုံရေးအဖွဲ့ (တိုင်းဒေသကြီးရုံး) အမှတ်-၂၂၊ ကမ်းနားလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်အနောက်ရပ်ကွက်၊ မန္တလေးမြို့။

၂။ စာမေးပွဲအောင်မြင်သူများအနေဖြင့် ရုံးချုပ်သို့ သတင်းပို့ရမည့်အခြေအနေနှင့် အစီအစဉ်အသေးစိတ်အား အောင်စာရင်းထုတ်ပြန်ရာ ရုံးများတွင် စုံစမ်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၀၁၊ ၀၆၇-၄၃၀၃၇၁ သို့ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်

ပြည်သူလူထုတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်

ခင်မောင်ဌေး (ပညာရေး)

ပြည်ထောင်စုအတွင်းနေထိုင်ကြသော နိုင်ငံသားများသည် ပကတိရိုးသားဖြူစင်ကြသူများဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းလိုကြသည်။ သင့်တင့်မျှတသည့် လူမှုစီးပွားရေးလုပ်ငန်းများဖြင့် အေးချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်လိုကြသည်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲမှုများအပေါ်တွင် လိုက်ပါရွေ့လျားရင်း ခေတ်စနစ်၏ ကောင်းကျိုးချမ်းသာများကို မျှဝေခံစားလိုသူများဖြစ်ကြသည်။

အထူးသဖြင့် လူတစ်ဦး (ဝါ) လူတစ်စုတစ်ဖွဲ့၏အသွင်မတူ အိမ်သူမဖြစ်လိုသည့် အတ္တစိတ်လွန်ကဲမှုများ၊ တစ်ဖက်သတ်အသာစီးရလိုမှုများ၊ တစ်တောတစ်ဖတွန်ဝါဒကြီးစိုးလိုမှုများ၊ ကိုယ့်မင်းကိုယ့်ချင်းစိတ်လွန်ကဲမှုများ၊ ငါမှငါ ဆိုသည့် အစွဲကြီးစိုးပြင်းထန်မှုများသည် ညီနိုင်းမှု၊ ဆွေးနွေးမှု၊ အတူယှဉ်တွဲနေထိုင်လိုမှုများတွင် များစွာအဟန့်အတားပြုလျက်ရှိသည်ကိုတွေ့ရသည်။

လောကတွင် ဘာသာအယူဝါဒအားဖြင့်သော်လည်းကောင်း၊ အသားအရောင်လူမျိုးအားဖြင့်သော်လည်းကောင်း ကွဲပြားနိုင်၏။ အတွေးအမြင်အယူအဆကွဲပြားနိုင်၏။ ခံယူချက်၊ ခံစားချက်ကွဲပြားနိုင်၏။ ဤသို့ကွဲပြားခြားနားမှုကိုအကြောင်းပြု၍ စုစည်း၍မရနိုင်ဟုဆိုလျှင် ယင်းသို့သော ဆုံးရှုံးမှုမျိုးမရှိနိုင်တော့ပေ။

စင်စစ် မိမိတို့၏လက်ငါးချောင်းသည်ပင် အတိုအရှည်မညီသည်ကို တွေ့ရ၏။ သို့သော် ဤမညီညာသော လက်ချောင်းကလေးများဖြင့် ဓားလွတ်ကိုမြဲမြံစွာဆုပ်ကိုင်နိုင်ပါသည်။ မတူညီကွဲပြားမှု၏စုစည်းအားကို အသုံးချတတ်လျှင် အကျိုးရှိနိုင်ခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများကိုကြည့်လျှင် သိသာနိုင်သည်။ နိုင်ငံကြီးများသည်လည်း တစ်သွေး တစ်ရောင် တစ်မျိုးတစ်သားတည်းမဟုတ်၊ နိုင်ငံသားပေါင်းစုံတို့အား အချိန်ကာလသတ်မှတ်ချက်များနှင့်အညီ မိမိတို့နိုင်ငံသားအဖြစ် တရားဝင်နေထိုင်ကာ နိုင်ငံ၏ စွမ်းအားစုများအဖြစ် စုစည်းအသုံးချနိုင်၍ တိုးတက်နေခြင်းပင်ဖြစ်သည်။ အခြားနိုင်ငံများအတွက် Brain Drain ဖြစ်နေသော်လည်း အသုံးချတတ်သူများအတွက် Brain Gain ဖြစ်နေသည်ကိုစင်ကာပူနိုင်ငံကိုကြည့်ရုံဖြင့်သိသာနိုင်ပါသည်။

နိုင်ငံသားတို့၏ တာဝန်မှာ ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲနေထိုင်တတ်ဖို့ပင်ဖြစ်သည်။ ခေတ်စနစ်က တောင်းဆိုနေသည့် Mindset များ၊ နိုင်ငံရေးအသိအမြင်များကြွယ်ဝနေဖို့လိုသည်။ ပြည်သူကို ဗဟိုပြုသည် ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ပါဝင်ဖို့လိုသည်။ ပြည်သူ့အားကို လျစ်လျူရှု၍မရ။ ထို့အတူ ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်နိုင်အောင် အသိပညာရေချိန်မြင့်ကြဖို့လိုနေသည်။ အတွေးအမြင်ခေါင်းပါးလျှင် အမြင်ကျဉ်းမြောင်းသည်။ Global Vision ဆိုသည်မှာ အမြင်ကျယ်ကျယ်၊ ရှုထောင့်ကျယ်ကျယ် ကြည့်မြင်သုံးသပ်နိုင်ပါမှ အမြင်မှန်နိုင်ပါလိမ့်မည်။ မိမိနိုင်ငံကိုလည်း ကမ္ဘာကြည့် ကြည့်မြင်နိုင်ဖို့လိုသည်။ သို့မှသာ ကမ္ဘာနှင့် ယှဉ်တွဲနေထိုင်နိုင်လိမ့်မည်ဖြစ်သည်။

အမြင်ကျဉ်းမြောင်းသူများသည် အတ္တကြီးသူများဖြစ်သည်။ အဖျက်အမှောင့်လုပ်လိုသူများသည် အစွန်းရောက်သမားများဖြစ်သည်။ ထိုသူတို့သည်အစွန်းတစ်ဖက်မှ မတက်နိုင်။ တစ်ဖက်သတ်အမြင်ဖြင့် လောကကြီးကို ရှုမြင်နေသူများဖြစ်သည်။ အမြင်စောင်းနေသဖြင့် အကောင်းမမြင်နိုင်။ ထို့ကြောင့် အကောင်းထက် အဆိုးမြင်ဝါဒကြီးစိုးနေသူများပင်ဖြစ်သည်။

နိုင်ငံအတွင်း ဆင့်ကဲဆင့်ကဲဖြစ်ပေါ်နေသော ဖြစ်စဉ်များကို ကြည့်လျှင် သွေးရိုးသားရိုးမဟုတ်သည့် ဖြစ်ရပ်များကို တွေ့ရသည်။ ယင်းဖြစ်ရပ်များကြောင့် နိုင်ငံ၏ အလားအလာကောင်းများကို နှောင့်နှေးရာရောက်၏။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံးနှင့် ဆိုင်သည့် ဆီးဂိမ်းပွဲတော်ကြီးကျင်းပတော့မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် ပထမဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌရာထူးကြီးကို ထမ်းဆောင်ရတော့မည်ဖြစ်သည်။ ဤသို့ အခွင့်ကောင်းအခါကောင်းကြုံခိုက်တွင် နိုင်ငံ၏ ပုံရိပ်ကို မည်းညစ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးနေသူများ ရှိနေလေသည်။ သံသယရှိသူများကိုလည်း သိရှိထားလေရာ ဥပဒေအရ တိကျပြတ်သားဖို့ပင်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး(Rule of Law)ဆိုသည်မှာ ဥပဒေသည် လူတိုင်းနားလည်နိုင်၍ လူတိုင်းလိုက်နာနိုင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ လူတိုင်းလိုက်နာနိုင်သည့်ဥပဒေကို လူတိုင်းက ခြွင်းချက်မရှိ လိုက်နာရန် တာဝန်ရှိသည်။ ထို့အတူ တရားဥပဒေကလည်း ပြစ်မှုပြစ်ဒဏ်အလိုက် ထိရောက်ပြတ်သားရမည်ဖြစ်သည်။

ဥပမာတစ်ခုတင်ပြလိုသည်။ မြန်မာတို့၏ သီတင်းကျွတ်မီးထွန်းပွဲတော်သည် အစဉ်အလာအားဖြင့် မီးထွန်းပူဇော်ပွဲသာဖြစ်သည်။ ပြောက်အိုး၊ မီးရှူး မီးပန်းများမပါဝင်။ သို့သော် စီးပွားရေးလာဘ်မြင်သူများ၏ တီထွင်ဖန်တီးလာမှုဖြင့် တွင်ကျယ်လာရာ အိမ်နီးချင်းနိုင်ငံများမှ သီတင်းကျွတ်အခါ ရာသီမတိုင်မီကပင် တစ်နိုင်ငံလုံးသုံးနိုင်ရန် နေရာအနှံ့သို့ ကြိုတင်ရောက်ရှိပြီးသား ဖြစ်၏။ မီးရှူး၊ မီးပန်း၊ ပြောက်အိုးတို့၏ အန္တရာယ်နှင့်ပြစ်မှုပြစ်ဒဏ်များကို မီဒီယာမှတစ်မျိုး၊ မြို့ရွာရပ်ကွက်များတွင် အသံချဲ့စက်များနှင့်တစ်ဖုံ သတိပေးနှိုးဆော်ခဲ့သည်ကို တွေ့ရသည်။ အချို့မြို့ကြီးများတွင် သတင်းအရရှာဖွေဖမ်းဆီးခြင်းများပြုနိုင်သော်လည်း အများစုသောနေရာများတွင် နားကွဲမတတ်ပစ်ဖောက်နေသည်များကို တန်ဆောင်တိုင်ကာလအထိကြားနေရဦးမည်ဖြစ်သည်။

ထုတ်လုပ်ရောင်းချသော ယမ်းထုပ်များမှာလည်း ပို၍စုံလင်ပါသည်။ ပို၍အင်အားပြင်းလာသည်။ တန်ဖိုးအားဖြင့်လည်း ကောင်းကင်သို့ပစ်ဖောက်သည့် ပြောက်အိုးတစ်ခုလျှင် ကျပ် ၈၀၀၀၊ ၁၀၀၀၀ အထိရှိသည်။ နည်းမျိုးစုံဖြင့်သယ်ယူရောင်းချနေကြရာ ဖမ်းမိသူအနည်းစုသာကံဆိုးသလိုဖြစ်နေ၍ အများစုမှာ ပြဋ္ဌာန်းထားသည့် ဥပဒေကိုပင် ကြောက်ရမှန်းမသိ။ လိုက်နာဖို့ဝေးနေသေး၏။ ဆိုလိုသည်မှာလူအများကို အကျိုးမရှိစေခြင်းမှာလည်း မှန်သည်။ လိုက်နာနိုင်သည့်ဥပဒေလည်းဖြစ်သည်။ သို့သော်လိုက်နာရန်ပျက်ကွက်နေကြ၏။ အရေးယူမှုအပိုင်းကလည်း မထိရောက်လျှင် ဥပဒေ၏အနှစ်သာရကင်းမဲ့ကာ ဥပဒေမဲ့လုပ်ဆောင်မှုသည်ပင်လျှင် အလေ့ကျင့်ကြီးတစ်ခုသဖွယ်ဖြစ်လာနိုင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်လာနိုင်ရေးသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ လူတိုင်းပါဝင်နိုင်ရန်မှာ မိမိ၏ပတ်ဝန်းကျင်မှသည် မိမိတို့မြို့ရွာဘေးကင်းလုံခြုံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတွင် မိမိတို့တစ်ဦးချင်းစီ၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ခြင်းသည်ပင် အဓိကကျပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။ ။

ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်

အမ်း အောက်တိုဘာ ၂၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ဂါယ်လောင်း(စံပြ)ကျေးရွာ အလက(ခွဲ)ကျောင်း၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက အမ်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာစက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ရော်ဘာခြံရှင်များအား ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်မျိုးများဖြင့် ရွေးချယ်စိုက်ပျိုးကြရန်နှင့် မှန်ကန်သောစိုက်ပျိုးထိန်းသိမ်းနည်းစနစ်များ အသုံးပြုဆောင်ရွက်ခြင်းဖြင့် အောင်မြင်သောရော်ဘာခြံများဖြစ်လာမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသူရော်ဘာခြံရှင် သင်တန်းသားများအား စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အမ်းမြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းထွန်းက သင်တန်းပို့ချသည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အမ်းမြို့နယ် ဂါယ်လောင်း(စံပြ)ကျေးရွာအုပ်စု၊ လုံးကောက်ကျေးရွာအုပ်စု၊ ထန်းချောင်းကျေးရွာများမှ ရော်ဘာခြံရှင်သင်တန်းသား ၄၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန်းမောင်(အမ်း)

သန်လျင်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်လုံးဆိုင်ရာ (၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ဘောဇနာနုဂ္ဂဟ ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေက ပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဘိုးအဘွားတို့အား ကန်တော့ချီးဖြင့်တိုင်ကာ ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဌေးမိုးနှင့် အလှူရှင်များက အသက် (၈၀)နှစ်နှင့်အထက် အဘိုးအဘွား ၇၇ ဦးတို့အား အာဟာရ၊ ဆေးဝါးအပါအဝင် အလှူငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

(သန်းဝင်း-တညင်လေး)

To Open Mind and Knowledge of Society
NEWSWEEK

ဆုယာမင်း၏ စိတ်ကူးလေး ဗီစီဒီကူးယူရာတွင် လွဲချော်မှုများအတွက်
DVD Song အသံကူးယူရေးမှ ပြန်လည်တောင်းပန်ခြင်း

- ၂၀.၁၀.၂၀၁၃ တနင်္ဂနွေနေ့ Happy World (1) promotion ပွဲတွင် ရောင်းချခဲ့သော ရွှေအချို့နှင့် ထင်းရှူးရိပ်တေးသံသွင်းမှ ရောင်းချခဲ့သော တေးသံရှင် ဆုယာမင်း၏ "စိတ်ကူးလေး" တေးစီးရီးအချို့သော အခွေများတွင် DVD အတွင်း အရုပ်များကူးယူရေး စနစ်ချို့ယွင်းမှုကြောင့် မတော်တဆ လွဲချော်သွားခဲ့ရပါသည်။
- ယင်းအတွက်ကြောင့် တေးစီးရီးပိုင်ရှင် ဒေါ်ဆန်းရင် (SY)တေးထုတ်လုပ်ရေးနှင့် တေးစီးရီးကို ဝယ်ယူအားပေးခဲ့ကြပါသော ထိခိုက်နစ်နာသူ တေးချစ်ပရိသတ်များမှ DVD Song အသံကူးယူရေးအား ခွင့်လွှတ်ပေးပါရန် အနူးအညွတ် လေးလေးနက်နက် တောင်းပန်အပ်ပါသည်။
- DVD အရုပ်များယွင်းနေသော ဝယ်ယူအားပေးထားသူအချို့အား ရွှေဘုံသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ထင်းရှူးရိပ်တေးသံသွင်းဆိုင်တွင် နံနက်(၁၀) နာရီမှ ညနေ (၅)နာရီအထိ အထက်ဖော်ပြပါ တေးစီးရီးအား ပြန်လည်လဲလှယ်ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့် DVD Song အသံကူးယူရေး
ဆက်သွယ်ရန်-ထင်းရှူးရိပ်တေးသံသွင်း ၀၁-၃၇၇၉၁၉

နည်းပညာသတင်းတိုထွာ

ALEZ & TIKILA

ဆိုင်ကယ်မောင်းနှင်စဉ် ဂီတသံစဉ်ကိုပါ ခံစားနိုင်မည့်ဦးထုပ်

Skully ဟုအမည်ရပြီး ဦးထုပ်အတွင်းဘက်တွင် MP3 Player ပါ ထည့်သွင်းတပ်ဆင်ပေးထားပြီး ဆိုင်ကယ် စီးနင်းနေစဉ် ဂီတသံစဉ်ကိုပါ ခံစားနိုင်သည်ဟု အဆိုပါလုပ်ငန်းစာမျက်နှာတွင် တွေ့ရသည်။ ၎င်းအပြင် အသုံးပြုသူ၏ အဆင့်မြင့်မိုဘိုင်းဖုန်းအား ကြိုးမဲ့စနစ်ဖြင့် ချိတ်ဆက်ကာ ဖုန်းလက်ခံပြောဆိုခြင်း၊ ဆိုင်ကယ်မောင်းနှင်နေချိန် ဖုန်းခေါ်ဆိုဝင်ရောက်မှုရှိပါက သတိပေးနိုင်ခြင်းအစရှိသည့်စနစ်များပါဝင်သည်ဟု သိရသည်။ အဆိုပါဦးထုပ်တွင် ထည့်သွင်းတပ်ဆင်ထားသည့် လေကာမှန်ကို အဆင့်မြင့်နည်းပညာများပေါင်းစပ်ကာ ၁၈၀ ဒီဂရီအထိ မြင်ကွင်းအကျယ်ကို စီးနင်းသူမှမြင် တွေ့နိုင်မည်ဖြစ်သည်ဟုသိရသည်။ ထို့အပြင် အနောက်ဘက်မြင်ကွင်းအတွက် ဦးထုပ်၏ အနောက်ဘက်တွင် ကင်မရာငယ်ပါဝင်ကာ အရှေ့ဘက်လေကာမှန်မှ ပြန်လည် မြင်တွေ့နိုင်မည်ဟု သိရသည်။

နှစ်ကုန်လျှင်ပိုနေသောထုတ်ကုန်များကို မီးရှို့ဖျက်ဆီးသည့် ပြင်သစ်နိုင်ငံမှ သားရေအိတ်လုပ်ငန်း L.V

သားရေအကောင်းစားများကိုပြန်လည်ပေါင်းတင်ကာ လက်ကိုင်အိတ်နှင့်ပိုက်ဆံအိတ်များ ပြန်လည်ထုတ်လုပ်သောပြင်သစ်နိုင်ငံမှ ကမ္ဘာ့နာမည်ကြီးလုပ်ငန်းတစ်ခုသည် သူ၏တစ်နှစ်တာအတွက်ထုတ်လုပ်ထားသော အကောင်းစားအိတ်ကို နှစ်ကုန်၍ ပိုနေလျှင်မီးရှို့ဖျက်ဆီးသည်ဟု ပြည်နယ်ပြန်ကြားရေးမီဒီယာများတွင် တွေ့ရသည်။ ယခုကဲ့သို့ မီးရှို့ဖျက်ဆီးရခြင်းမှာ ၎င်းတို့၏အမှတ်တံဆိပ်သားရေအိတ်များဈေးလျှော့ရောင်းရခြင်းနှင့် တုပထုတ်လုပ်ရောင်းချနိုင်ခြင်း မရှိစေရန်အတွက် ပိုနေသောထုတ်ကုန်များကို မီးရှို့ဖျက်ဆီးရခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါလုပ်ငန်းများမှာ ပြင်သစ်နိုင်ငံအခြေစိုက်လုပ်ငန်းများဖြစ်ကြသည့် အကောင်းစားသားရေနှင့် လက်ကိုင်အိတ်လုပ်ငန်းများဖြစ်ကြသော Lousi Vuitton နှင့် အခြားနာမည်ကြီး ဖက်ရှင်ပစ္စည်းလုပ်ငန်းဖြစ်သော Chanel ဖြစ်သည်ဟု သိရသည်။

ခေါက်သိမ်းသယ်ဆောင်သွားနိုင်သည့် ဘက်စုံသုံးကွန်ပျူတာ

ဘက်စုံသုံး(All In one) ကွန်ပျူတာအမျိုးအစားဖြစ်ပြီး ကြိုးမဲ့စနစ်ခလုတ်ခုံ(keyboard) ပါဝင်ကာ လက်ဆွဲအိတ်ကဲ့သို့ ခေါက်ယူသယ်ဆောင်သွားနိုင်မည်ဖြစ်သည်ဟု နည်းပညာသတင်းစာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါ ကွန်ပျူတာ၏တန်ဖိုးနှင့်အမည်ကိုမူ ထုတ်ပြန်ကြေညာထားခြင်းမရှိသေးဟု မီဒီယာများမှသိရသည်။ ခလုတ်ခုံတွင် ထိတွေ့မျက်နှာပြင်စနစ်ကိုပါ ထည့်သွင်းပေးထားပြီး လွယ်ကူစွာအင်တာနက်ချိတ်ဆက်အသုံးပြုနိုင်မည်ဟု သိရသည်။**(အပေါ်ပုံ)**

ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာအုပ်စု၌ မူလတန်းလွန်ကျောင်း မကြာမီဖွင့်လှစ်မည်

ပြင်ဦးလွင် အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးမြင့်မားလာရေးနှင့် လူမှုဘဝမြင့်တင်နိုင်ရေးအတွက် မြို့နယ်နှင့် ကျေးရွာ ချင်းဆက်လမ်းများ ရာသီမရွေးသွား လာနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာများရှိ မူလတန်းကျောင်းများကိုလည်း မူလွန်ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ် ဖော့သင်းကျေးရွာအုပ်စုသို့ ရောက်ရှိလာစဉ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံလျက် ကျေးရွာအုပ်စုများအတွင်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးလိုအပ်မှုတင်ပြချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် အင်းယားကျေးရွာအုပ်စုတွင် အစိုးရအခြေခံပညာ မူလွန်ကျောင်းလိုအပ်ကြောင်းတင်ပြ၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မူလွန်ကျောင်း တည်ဆောက်ရေးအတွက် ခွင့်ပြုငွေကျပ် ၂၁၆ သိန်းကို ချပေးခဲ့သည်။

မူလွန်ကျောင်း ကျောင်းဆောင်သစ် ဖြစ်မြောက်လာရေးအတွက် အင်းယားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်တည်ဆောက်ရေးကော်မတီဖွဲ့စည်းလျက် တိုင်းဒေသကြီးအစိုးရခွင့်ပြု ငွေကျပ် ၂၁၆ သိန်း၊ ကျေးရွာလူထု ထည့်ဝင်ငွေကျပ်သိန်း ၅၀၊ အလှူရှင်တစ်ဦးမှ ထည့်ဝင်ငွေ ကျပ်သိန်း ၅၀ စုစုပေါင်း ၃၁၆ သိန်းဖြင့် တည်ဆောက်ခဲ့ရာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ စာသင်ခန်း ငါးခန်းတွဲနှင့် လေးခန်းတွဲ ရေလောင်းအိမ်သာတစ်လုံးပါဝင်လျက် မကြာမီ ပြီးစီး၍ ဖွင့်လှစ်တော့မည်ဖြစ်သည်။**(အောက်ပုံ)**

အင်းယားကျေးရွာအုပ်စု မူလွန်ကျောင်းဆောင်သစ်ဖွင့်လှစ်ပြီးပါက ကျေးရွာချင်းဆက်စပ်နေသည့် သင်္ဂတိုကျေးရွာအုပ်စု၊ မျှင်တောင်ကျေးရွာအုပ်စု၊ ကြီးကိုင်ကျေးရွာများမှ မူလတန်းအောင်ရင်သွေးငယ်များသည် ၄/၅ မိုင် ဝေးသော ပြင်ဦးလွင်မြို့သို့ သွားရောက်ပညာသင်ကြားရန်မလိုတော့ဘဲ အင်းယားကျေးရွာမူလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် အင်းစိန်ခရိုင်ဘဏ်ခွဲ အဆောက်အအုံဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

- တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်နေ့ - ၂၂-၁၀-၂၀၁၃
- တင်ဒါလျှောက်လွှာပုံစံပိတ်မည့်နေ့ - ၄-၁၁-၂၀၁၃ (၀၆း၀၀)နာရီ
- တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ - မန်နေဂျာ၊ ပစ္စည်းထိန်းဌာနစိတ်၊မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်၊ ဘဏ်များဇုန်၊ သီရိကျော်စွာလမ်း
- ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၂၀၀၃၀၊ ၀၆၇-၄၂၀၀၃၁

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၅၀၇၊ မြေကွက်တည်နေရာအမှတ်(၅၀၇)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်(ဦးမြင့်ငွေ) (AD-၀၃၅၉၆၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ငွေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၆၂၁/၁၃ (၂၅-၇-၂၀၁၃)ဖြင့် ဒေါ်စိန်မြင့်[၁၂/ရကန(နိုင်)၀၃၅၅၄၂]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၀၈ ခုနှစ် အရောင်းအဝယ်မြေပုံမူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ရသူ ဒေါ်စိန်မြင့်[၁၂/ရကန(နိုင်)၀၃၅၅၄၂]မှ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အားကစားနှင့် အနုပညာ

ကီးစလင်း၏ အငြင်းပွားဖွယ်ဂိုးကြောင့် ရှုံးနိမ့်ခဲ့ရ၍ လေဗာကူဆင်နှင့်ပွဲ ပြန်ကစားခွင့်ရရန် ဟော်ဖန်ဟိမ်းတောင်းဆို

ဟော်ဖန်ဟိမ်းနှင့် လေဗာကူဆင်တို့ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်လီဂါပွဲစဉ်(၉)တွင် လေဗာကူဆင်တိုက်စစ်မှူး ကီးစလင်း၏ အငြင်းပွားဖွယ်သွင်းဂိုးကို ကွင်းလယ်ဒိုင်လူကြီး ဖီလစ်ဗ်ဘရိုင်းက အတည်ပြုခဲ့ရာမှ လေဗာကူဆင်အသင်းက ဟော်ဖန်ဟိမ်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဟော်ဖန်ဟိမ်းအသင်းက ယင်းပွဲစဉ်အား ပြန်လည်ကစားခွင့်ရရှိရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ကီးစလင်းသွင်းယူခဲ့သည့်သွင်းဂိုးသည် ပုံမှန်သွင်းဂိုးမဟုတ်ကြောင်း ကွင်းလယ်ဒိုင်က ဖော်ပြထားခဲ့ခြင်း မရှိခဲ့သော်လည်း ကီးစလင်းမှာမူ ယင်းသွင်းဂိုးလွဲချော်ခဲ့သည်ဟုဆိုကာ စိတ်ပျက်ဖွယ်အမူအရာပြသခဲ့သည်။ သို့သော် လေဗာကူဆင်ကစားသမားများက ကီးစလင်း၏ သွင်းဂိုး ဂိုးဝင်ခဲ့သည်ဟုဆိုကာ ကီးစလင်းအား ချီးကျူးထောပနာပြုခဲ့ကြသည်။

သို့သော် လေဗာကူဆင်တိုက်စစ်မှူး ကီးစလင်း၏ ခေါင်းတိုက်သွင်းယူခဲ့သော သွင်းဂိုးသည် ဂိုးအပြင်ဘက်မှနေ၍ ဂိုးဝင်ခဲ့သည်ဆိုသည့်သက်သေပြချက်ကို ရုပ်မြင်သံကြား အနှေးပြကွက်မှတစ်ဆင့်အတည်ပြုခဲ့ပြီးနောက် အဆိုပါ လေဗာကူဆင်နှင့် ကစားခဲ့သည့် ဘွန်ဒက်လီဂါပွဲစဉ်(၉)ကို ပြန်လည်ကစားခွင့်ရရှိရန် ဟော်ဖန်ဟိမ်းအသင်းကတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

ဥရောပအိုးပင်း ကီလို ၁၀၀ တန်းဂျူဒိုပြိုင်ပွဲ ဗြိတိန်ဂျူဒိုကစားသမား ဘာတန် ရွှေတံဆိပ်ဆွတ်ခူး

ဗြိတိန်ဂျူဒိုကစားသမား ဘာတန်သည် ဥရောပအိုးပင်းဂျူဒိုပြိုင်ပွဲ၏ ကီလို ၁၀၀ တန်းပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသားဖြစ်သူ ဘန်ဖလက်ချာအား အနိုင်ရရှိခဲ့ပြီးနောက် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ အသက်(၃၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ဘာတန်သည် ဗြိတိန်ကစားဖော် ဖလက်ချာအား ဂလက်စဂိုး၌ အနိုင်ရရှိခဲ့ရာတွင် ၎င်း၏ပရိသတ်များအလယ်တွင် အောင်ပွဲခံနိုင်ခဲ့၍ များစွာဝမ်းမြောက်မိကြောင်း ဖွင့်ဟခဲ့သည်။ ဘာတန်၏ပြိုင်ဘက်ဖြစ်သူ ဖလက်ချာမှာမူ ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဘာတန်သည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ ၈၁ ကီလိုတန်းပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့၍ မျက်ရည်ကြီးငယ်ကျကာ ပြိုင်ပွဲမှထွက်ခဲ့ရသူဖြစ်သည်။ ဥရောပအိုးပင်းဂျူဒိုပြိုင်ပွဲတွင် ကီလို ၉၀ တန်းပြိုင်ပွဲ၌ ဗြိတိန်ဂျူဒိုကစားသမားနှစ်ဦး ဖြစ်သည့် မက်ပါဆေးနှင့် သီယိုစပယ်ဒင်းတို့လည်း ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စတော့ဟုမ်းအိုးပင်းတင်းနစ်ဖလား ဒီမီထရော့ဗ်ဆွတ်ခူးရရှိ

ဘူလ်ဂေးရီးယား တင်းနစ်ကစားသမား ဒီမီထရော့ဗ်နှင့် စပိန်တင်းနစ်ကစားသမား ဒေးဗစ်ဖာရာတို့သည် စတော့ဟုမ်းအိုးပင်းတင်းနစ် ချန်ပီယံလုပွဲအဖြစ် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီထရော့ဗ်သည် ဒေးဗစ်ဖာရာအား နှစ်နာရီကျော်ကြာ ကစားခဲ့ပြီး ၂-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဒီမီထရော့က ၎င်း၏ ပထမဆုံးသော အေတီပီတိုးချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဒေါက်မြင့်ဖိနပ်နှင့် အလှမ်းဝေးရဖွယ်ဖြစ်နေသည့် ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာဗစ်တိုးရီးယားဘက်ခမ်း

ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းက ခြေမရှိအရိုးဆစ်အဆမတန်ကြီးမားကာ ခြေဆစ်လွဲမှုကြောင့် ၎င်းနှစ်သက်မြတ်နိုးသည့် ဒေါက်မြင့်ဖိနပ်များနှင့် အလှမ်းဝေးရဖွယ်ဖြစ်နေသည်။

ဖက်ရှင်ဒီဇိုင်နာတစ်ဦးအနေဖြင့် ဒေါက်မြင့်ဖိနပ်စီးရန် အဆင်မပြေဖြစ်နေသည့် ကျန်းမာရေး အခြေအနေကြောင့် သူ၏ ဝတ်စားဆင်ယင်မှုဖက်ရှင်ကိုပါ ပြောင်းလဲဖွယ်ရှိကြောင်းနှင့် ယင်းဝေဒနာအတွက် ခွဲစိတ်ကုသမှုများ ပြုလုပ်ရန် စဉ်းစားလျက်ရှိနေသည်။

အကယ်၍ ဗစ်တိုးရီးယားဘက်ခမ်းအနေဖြင့် ခွဲစိတ်ကုသမည်ဆိုပါကလည်း တစ်ကြိမ်လျှင် ခြေထောက်တစ်ဖက်သာခွဲစိတ်ရမည်ဖြစ်ပြီး ယင်းတစ်ဖက်အတွက် မလှုပ်မယှက် ရက်ပေါင်းများစွာ အနားပေးထားရမည်ဖြစ်ကာ အခြေအနေဆိုးရွားလာပါက ဒေါက်မြင့်ဖိနပ်များကို နောက်ထပ်တစ်ကြိမ် စီးခွင့်ရတော့မည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ခြေနှစ်ဖက်လုံးခွဲစိတ်ကုသလိုက်ပါက ကုသမှုနှင့် အနားယူမှုအတွက် ခန့်မှန်းခြေ အချိန်နှစ်နှစ်ခန့် ကြာမြင့်လိမ့်မည်ဖြစ်ကြောင်း၊ ဗစ်တိုးရီးယားအနေဖြင့် ဖိနပ်စီးရာတွင်လည်း ခြေမရှိအရိုးကို ကာကွယ်ရန်အတွက် အရွယ်အစားကြီးမားသည့် ဖိနပ်များကိုသာ ရွေးချယ်ဝတ်ဆင်သင့်ကြောင်းနှင့် ဒေါက်အပါးဝတ်ဆင်ခြင်းသာလျှင် အသင့်လျော်ဆုံးဖြစ်ကြောင်း ဗစ်တိုးရီးယား၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗြိတိန်မဂ္ဂဇင်းတစ်စောင်သို့ ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် - ရေးသားသည်

နန်းတွင်းရတနာ (၁၀)နှစ်ပြည့်ဇာတ်လမ်းတွင် လီယောင်အေး ပြန်လည်ပါဝင်မည်

နန်းတွင်းရတနာဇာတ်ကားတွင် ချန်ဂင်အဖြစ် လူသိများပြီး အောင်မြင်ကျော်ကြားခဲ့သူ တောင်ကိုရီးယား ကြယ်ပွင့် လီယောင်အေးက ယင်းဇာတ်ကား၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ်ရိုက်ကူးမည့် Dae Jang Geum to I Am A Singer ဇာတ်ကားတွင် ဆက်လက်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက သားသမီးအရေးကိစ္စများဖြင့် အာရုံများခဲ့ရပြီး အနုပညာလောကနှင့် အနည်းငယ် အလှမ်းကွာခဲ့သလို ဖြစ်နေခဲ့ရသည့် လီယောင်အေး ပြန်လည်ပါဝင်သရုပ်ဆောင်မည့် ယင်းဇာတ်ကားကို အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

နိုင်ငံပေါင်းများစွာသို့ ထုတ်လွှင့်ပြသခဲ့သော အဆိုပါဇာတ်ကားသည် တောင်ကိုရီးယားရုပ်ရှင်လောကနှင့် ၎င်းအတွက် မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းအတွက် ဂုဏ်ယူမိပါကြောင်း အသက်(၄၂)နှစ်အရွယ် မင်းသမီး လီယောင်အေးက ပြောကြားခဲ့သည်။

ထို့ပြင် မကြာမီထုတ်လွှင့်မည့် ရိုက်ကွင်းပေါ်က ခံစားမှုများနှင့် မိသားစုရေးရာကိစ္စများဆွေးနွေးခန်းတွင်လည်း မင်းသမီးလီယောင်အေးက ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

တေဇ(၈)ညီအစ်ကိုများ၏ (၃၅)နှစ်ပြည့် အထိမ်းအမှတ်ဖိတ်ကြားခြင်း

တေဇ(၈)ညီအစ်ကိုများ၏ (၃၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံစားပွဲများအား နေပြည်တော်နှင့် ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းမင်္ဂလာမောင်နှံများနှင့် သားသမီးများ၊ ကျဆုံး/ကွယ်လွန် ရောင်းရင်းများ၏ကျန်ရစ်သူဇနီးနှင့်သားသမီးများအားလုံးအား တက်ရောက်ချီးမြှင့်အားပေးကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

နေပြည်တော်(ညစာစားပွဲ)
၂၅-၁၀-၂၀၁၃ ရက် ၁၈း၃၀ နာရီ (Golden Lake Hotel) လယ်ဝေးအဝိုင်းအနီး၊ ရန်ကုန်(ဆွမ်းဆက်ကပ်ခြင်း)
၂၇-၁၀-၂၀၁၃ ရက် ၉း၀၀ နာရီ (၈ မိုင်၊ ပေါက်စေတီ ဘုန်းကြီးကျောင်း) ရန်ကုန်(ညစာစားပွဲ)
၂၇-၁၀-၂၀၁၃ ရက် ၁၈း၃၀ နာရီ (၈ မိုင်၊ ကုန်းမြင့်သာ စားတော်ဆက်)

တေဇ(၈) ရောင်းရင်းများ(ရန်ကုန်)

ပျောက်ဆုံး

ကျွန်မ မတင်တင်ဌေး[၁၂/လသန(နိုင်)၀၀၀၆၃၀]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉၅၁၁၄၀၁၇

ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

ရွှေကူ အောက်တိုဘာ ၂၁

ရွှေကူမြို့နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် အောက်တိုဘာ ၁၇ ရက် ညနေက ရွှေကူမြို့မရဲစခန်း၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ ငါးဘတ်ကြီးကျေးရွာနေသူ မောင်ပု(၃၀)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်း မောင်ပုအားအသင့်တွေ့ရှိရပြီး ၎င်းအနီးတွင် အဖြူရောင်ပလတ်စတစ်ဖြင့်ထည့်လျက် ဘိန်းရည်များသုတ်လိမ်းထားသော (ဒေသအခေါ်)ခပ်ပုံလေးထုပ် ၇ ဒသမ ၉၈၇၄ ဂရမ်ခန့် (ကာလတန်ဖိုး ငွေကျပ်၂၀၀၀၀)နှင့် အဝါရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် ဘိန်းစိမ်းထုပ် တစ်ထုပ် ၂ ဒသမ ၀၄၁၂ ဂရမ် ခန့်(ကာလတန်ဖိုး ငွေကျပ် ၂၆၅၀ ခန့်)၊ ဘိန်းချက်ရာတွင် အသုံးပြုသည့် ဒန်ဇွန်းတစ်ချောင်းနှင့် ဝါးတူနှစ်ချောင်းတို့ကို တွေ့ရှိရပြီး ၎င်း၏နေအိမ်အား ဆက်လက်ရှာ ဖွေရာ နေအိမ်ခန်းထောင့်တွင် Red Ruby ဆေးလိပ်ဘူးအတွင်းထည့်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား (ကာလတန်ဖိုး ငွေကျပ် ၁၆၀၀၀ ခန့်)အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ဒုရဲအုပ်မြင့်ဦးမှ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးများသုံးစွဲရန် လက်ဝယ်ထားရှိသူ မောင်ပုအား ရွှေကူမြို့မ ရဲစခန်းက မယ(ပ)၂၆/၂၀၁၃၊ မူး/စိတ် ပုဒ်မ ၁၅/၁၆(ဂ)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေကူမြို့မရဲစခန်း၏ အနောက်တောင်ဘက် (၁၄)မိုင်ခန့် အကွာ စီမော်ကျေးရွာနေသူ မဝင်းချို (၃၄)နှစ် နေအိမ်အား အောက်တိုဘာ ၁၈ ရက် ညနေက သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိသည့် ဆန်အိတ်အတွင်းမှ ဖြူ/နီကျား ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးလျက် ဘိန်းစိမ်းဟု ယူဆရသည့် အမည်းရောင်အစေး အလေးချိန် ၆၅ ဒသမ ၃၂ ဂရမ်ခန့် (ကာလတန်ဖိုး ကျပ် ၈၄၉၀၀) အား ရှာဖွေတွေ့ရှိပြီး မဝင်းချို၏ခန္ဓာကိုယ်အားအမျိုးသမီးသက်သေ မသန်းသန်းနွယ်နှင့်အတူ ထပ်မံရှာဖွေရာ ၎င်းဝတ်ဆင်ထားသောလုံချည်အတွင်း ဝှက်သိမ်းထားသော ကြွပ်ကြွပ်အိတ်ပိုင်းစဖြင့်ထုပ်ပိုးလျက် အမည်းရောင်အစေး အလေးချိန် ၅ ဒသမ ၀၃၅ ဂရမ်ခန့် (ကာလတန်ဖိုး ကျပ် ၆၅၀၀) နှင့် အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးလျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြား(ကာလတန်ဖိုး ကျပ် ၂၆၀၀၀) စုစုပေါင်းမူးယစ်ဆေးဝါးတန်ဖိုး ကျပ် ၁၁၇၄၀၀ အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ဒုရဲအုပ်ဝေဖြိုးဦးမှ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မဝင်းချိုအား ရွှေကူမြို့မ ရဲစခန်းက မယ(ပ)၂၇/၂၀၁၃၊ မူး/စိတ် ၁၅/၁၆(ဂ)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မူးယစ်ဆေးဝါးများသုံးစွဲရန် လက်ဝယ်ထားရှိသူ မောင်ပု။

မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မဝင်းချို။

မူးယစ်ဆေးဝါးICE နှင့် ထိုင်းနိုင်ငံသုံးငွေအတုများ သိမ်းဆည်းရမိ

တာချီလိတ် အောက်တိုဘာ ၂၁

မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ရဲအုပ် ဇော်ဝင်းထွန်းဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါလျှံ(၁)ရပ်ကွက် ဆန်းဝင်း၏ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ဗီရိုထဲမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၀၀ တန်အတု အရွက် ၁၀၀၀ နှင့် နေအိမ်အရှေ့ မီးဖိုချောင်အရှေ့ဘက်ထောင့် အုတ်ကြမ်းပြင်အောက် အံ့ဝှက်အတွင်းမှ အဝါရောင်ပလတ်စတစ်ဖြင့်ထုပ်ပိုးထားသော ICE အလေးချိန် တစ်ကီလိုခန့်စီပါ လေးထုပ်၊ အလေးချိန် ၂၀၀ ဂရမ်ခန့်ပါ တစ်ထုပ်၊ အလေးချိန် ၃၀၀ ဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း ICE အလေးချိန် ၄ ဒသမ ၅ ကီလို (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၉၀၀ ခန့်) တို့အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် လက်ဝယ်တွေ့ရှိသူ ဆန်းဝင်း (၄၄)နှစ် ယာဉ်မောင်းအား တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၁၃၃/၂၀၁၃၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(မော်ကြီး-တြိဂံနယ်မြေ)**

ပင်းအိုကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

မြိတ် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာ ဘိုတောင်ရပ်ကွက်အတွင်း အောက်တိုဘာ ၂၀ ရက် ည ၇ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ပင်းအိုကျေးရွာ ဘိုတောင်ရပ်ကွက်နေ ပိုင်ရှင်ဒေါ်အေးလှ (၄၅)နှစ် နေအိမ်၌ ဖယောင်းတိုင်မီးထွန်းထားရာမှ အနီးရှိစာတ်ဆီပုံးသို့ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ကလွင်ကျေးရွာအရန်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ ကြက်ခြေနီ သုံးဦးတို့နှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားပြီး ယင်းမီးလောင်မှုကြောင့်(၄၅×၁၆)ပေ သွပ်မိုးပျဉ်ကာကွန်ကရစ်ခင်းတစ်ထပ် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၂၇၈)**

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် နှစ်ဦးစလုံးသေဆုံး

သန်လျင် အောက်တိုဘာ ၂၁။ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့(၆)လမ်းသွားလမ်းမရှိ သနပ်ပင်ကျေးရွာအနီးတွင် အောက်တိုဘာ ၂၀ ရက် ည ၁၁ နာရီခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ ယာဉ်မောင်းနှစ်ဦးစလုံး သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ (၆)လမ်းသွားလမ်းမအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဇင်မင်းထွန်း မောင်းနှင်လာသော JLM.110 အမျိုးအစားအစိမ်းရောင်ဆိုင်ကယ်သည် မျက်နှာချင်းဆိုင်ရှိ ယာဉ်မောင်းစိုးမင်းဦး မောင်းနှင်လာသော KENBO-125 နီနက်ကျားရောင်ဆိုင်ကယ်တို့သည် လမ်းလယ်ခေါင်တွင် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိကြရာ ယာဉ်မောင်းနှစ်ဦးစလုံးရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားကာ သန်လျင်မြို့မစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(တံတားကျော်လွှင်)**



ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ ခရီးသွား မိဘ/ပြည်သူများအတွက်
ရန်ကုန်-သံဖြူဇရပ်-ရေး ခရီးစဉ်သစ်ကြီးအား

၂၂-၁၀-၂၀၁၃ ရက်နေ့မှစ၍ ရန်ကုန်မှ နေ့စဉ် ည ၈း၃၀ နာရီတွင် လည်းကောင်း
ရေးမှ နေ့စဉ် ညနေ ၃း၀၀ နာရီတွင် လည်းကောင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်းနှင့်
ရန်ကုန်-ဘားအံ-နေပြည်တော်-ပခုက္ကူ၊
ရန်ကုန်-ဘားအံ-နေပြည်တော်-မန္တလေး-ပြင်ဦးလွင် ခရီးစဉ်သစ်ကိုလည်း မကြာမီ ပြေးဆွဲသွားမည်ဖြစ်ကြောင်းကို မိတ်ဟောင်း/မိတ်သစ်များအား အသိပေး ကြော်ငြာအပ်ပါသည်။

ရွှေစင်စကြာ မိသားစု





ပျောက်ဆုံး

ကျွန်တော် ဦးခင်မောင်မြင့်(ဘ)ဦးအာဇမ်၏ P.P No(M,702659) ထုတ်ပေးရက်စွဲ ၂၆-၄-၂၀၁၂ သည် ပြည်တွင်း၌ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၅၅၀၂၉၂၁



သွေးသည်အသက်

ရမည်းသင်းမြို့နယ်မှ သမိုင်းဝင် ဝါးတီးရွာ (ဝါးတီးမြို့ဟောင်း)

ရမည်းသင်း အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဝါးတီးကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော မြို့ရိုးနှင့် ကျုံးကို ယနေ့ထက်တိုင်တွေ့ရှိနိုင်ပေသည်။

ဝါးတီးရွာ (ဝါးတီးမြို့ဟောင်း) သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သည်ဟုသိရပြီး ရမည်းသင်းမြို့နှင့် တစ်ချိန်တည်းမြို့တည်ခဲ့သောမြို့ ငါးမြို့တွင် တစ်မြို့အပါအဝင်ဖြစ်သည်ဟု သမိုင်းအထောက်အထားများအရ သိရသည်။ ရှေးအခါက မြို့တည်ရာတွင် မြို့ပန္နက်နှင့်အတူ ကျုံး၊ မြို့ရိုး၊ ဘုရား၊ သိမ်နှင့် နတ်ကွန်းတို့ကို တစ်ပြိုင်နက်တည်ဆောက်ကြသည်ဟု လေ့လာသိရှိရပြီး ဝါးတီးကျေးရွာ (ဝါးတီးမြို့ဟောင်း) တွင် မြို့ရိုးများကို ရွာ၏အရပ် လေးမျက်နှာတွင် ယနေ့ထက်တိုင်တွေ့ရသည်။ တစ်ထောင်ကျော်ခန့်ရှိသော အုတ်များဖြင့်အခိုင်အမာပြုလုပ်ထားသည်ကို တွေ့ရပြီး ရွာပတ်လည်နေရာတချို့တွင် ၁၀ ပေခန့်မြင့်သော မြို့ရိုးအပိုင်းအစတို့ကို တွေ့ရသည်။ ယင်းဝါးတီးရွာ (ဝါးတီးမြို့ဟောင်း) အရပ်လေးမျက်နှာတို့၌ ဝင်ပေါက်လေးပေါက်နှင့်အတူ နတ်ကွန်းလေးခုကိုလည်း ထူးခြားစွာတွေ့ရှိရသည်။ တချို့အိမ်ဝိုင်းများအတွင်း ရှေးမူမပျက်အုတ်များဖြင့်စီထားသော မြို့ရိုးဟောင်းအပိုင်းအစကို တွေ့ရပြီး ပေ ၃၀ နီးပါးခန့်ရှိသည်။**(ယာပုံ)**

ဝါးတီးရွာ (ဝါးတီးမြို့ဟောင်း)တွင် ရွာပတ်လည်၌ ကျုံးကိုလည်းတွေ့ရပြီး ရွာတောင်ဘက်ပိုင်းတွင် ကျုံးပုံစံပိုမိုပေါ်လွင်စွာရှိသည်။ အခြားအရပ်မျက်နှာများတွင် နှစ်ကာလကြာမြင့်၍ တိမ်ကောလျက်ရှိသည်။ ဝါးတီးရွာတွင် ကြက်ဖြူဘုရား၊ မြသိန်းတန်ဘုရား၊ သိမ်တော်ဘုရား၊ အလိုတော်ဘုရား၊ ရွှေဘုံသာဘုရား၊ မိုးကောင်းဘုရားတို့ကို ရွာအရပ် လေးမျက်နှာတို့တွင်တည်ရှိ၍ ဖူးတွေ့ရပြီး ဝါးတီးရွာ၏အရှေ့ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းရှိသည်။ ယင်းကျောင်းကြီး၏ အနောက်ဘက်တွင် ထူးခြားလှသော ပြည်လုံးချမ်းသာမဟာဆုတောင်းပြည့် နန်ဦးစေတီတော်ကြီးကို ဖူးတွေ့ရသည်။ ယင်းစေတီတော်ကြီးမှာ ဉာဏ်တော် ၇၄ တောင်ရှိပြီး စေတီတော်၏ပရိဝုဏ်တွင် အရန်စေတီ ၇၄ ဆူကို ထူးခြားစွာဖူးတွေ့ရပြီး မြန်မာဗိသုကာပညာဖြင့် လက်ရာမြောက်စွာ ပြုလုပ်ထားသည်။

ယခုအခါ ဝါးတီးရွာ (ဝါးတီးမြို့ဟောင်း)တွင် အိမ်ခြေ ၃၀၀ ကျော်ရှိပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ ယနေ့ထက်တိုင် ကျုံး၊ မြို့ရိုးနှင့် စေတီတော်များ ပေါ်များလှသောဝါးတီးရွာ (ဝါးတီးမြို့ဟောင်း) တွင် အမျိုးသား အမွေအနှစ်ရှေးမူလက်ရာများ လေ့လာနိုင်ရန်အလို့ငှာ လေ့လာရေးသားဖော်ပြလိုက်ရပေသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

မူးယစ်ဆေးဝါးနှင့် ချဲထီလောင်းကစားသူများ ဖမ်းဆီးရမိ

ရှောင် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်ချ၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ပူးပေါင်းပါဝင်မှုကြောင့် နေ့စဉ်မူးယစ်ဆေးဝါးများဖမ်းဆီးရမိလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် ညနေ ၃နာရီခွဲက ရှောင်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ရှောင်မြို့ ရွှေပွင့်လင်းဘုရားမုခ်ဦးရှေ့ အောင်ပန်း-ဟန်မြင့်မိုရ်သွား ကားလမ်းပေါ်၌ ယာဉ်များကို ရှောင်တခင်စစ်ဆေးစဉ် စန်းဖေ (၃၇)နှစ် တောင်သူ ပစ်ဆိုင်ကျေးရွာ ပင်လည်ဘူးမြို့ စစ်ကိုင်းတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ပေါ်တွင် ပီနံအိတ်အတွင်း၌ ဘိန်းစိမ်း ၄၀ ဒသမ ၉၀၇ ကီလိုဂရမ်ခန့်နှင့် ငွေစက္ကူရောရာ ၁၂၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့နောက် ထွန်းမင်းလတ် (၃၉)နှစ် တောင်သူ ရှမ်းဝတီကျေးရွာ တောင်ငူမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်အား ရှာဖွေစစ်ဆေးရာ ၃၂ ဒသမ ၆၆ ကီလို ဂရမ်ခန့်နှင့် ငွေစက္ကူရောရာ ၂၀၀၀၀ ကို တွေ့ရှိခဲ့သည်။

ထို့ကြောင့် စန်းဖေအား ရှောင်မြို့မရဲစခန်းက မယ(ပ)၁/၂၀၁၃၊ မူး/စိတ်ပုဒ်မ၁၅/၁၉(က) ၂၀ (က)အရ လည်းကောင်း၊ ရှောင်မြို့မရဲစခန်းက မယ(ပ)၂/၂၀၁၃ မူး/စိတ်ပုဒ်မ ၁၅/၁၉ (က) ၂၀(က) အရ လည်းကောင်း အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီ ၅၀ မိနစ်တွင် ဒုရဲအုပ်စိုးသန်းဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ ကျောက်မဲမြို့နယ် မွေတော်ကျေးရွာနေ ခင်မောင်ဦး(ခ) ကိုဦး (၄၀)နှစ် တောင်ယာလုပ် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ခင်မောင်ဦး (ခ) ကိုဦး အား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းရှိ စားပွဲပေါ်မှ ချဲထီလောင်းကစားရာတွင်အသုံးပြုသော စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၃၇၇၀၀ ကို ရှာဖွေတွေ့ရှိသဖြင့် ကျောက်မဲမြို့မရဲစခန်းက (ပ)၁၀၁/၂၀၁၃၊ လောင်းကစား ၁၅(က) ၁၆ (က)အရ အရေးယူထားကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီ ၅၅ မိနစ်ခန့်တွင်လည်း ဒုရဲအုပ်ထွန်းနိုင်စိုးဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ ကျောက်မဲမြို့နယ် မွေတော်ကျေးရွာနေ ဒေါ်နန်းအေးသိန်း (၅၃)နှစ် တောင်ယာလုပ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဒေါ်နန်းအေးသိန်းအား အသင့်တွေ့ရှိရပြီး နေအိမ်အတွင်းရှိ စားပွဲပေါ်တွင် ချဲထီလောင်းကစားရောင်းချရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေ ၉၂၀၀၀ ကို ရှာဖွေတွေ့ရှိသဖြင့် ကျောက်မဲမြို့မရဲစခန်းက (ပ)၁၀၂/၂၀၁၃၊ လောင်းကစား ၁၅(က) ၁၆ (က)အရ အရေးယူထားကြောင်း သိရသည်။

(မကွေးလှမြင့်)

ကလေးဝမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကလေးဝ အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင့်နိုင်၊မြို့နယ်အထောက်အကူပြုအဖွဲ့တို့ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က ကလေးဝမြို့နယ် မထုကျေးရွာအုပ်စုသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဒေသခံပြည်သူများမှ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ပြိုကျလျက်ရှိသည်ကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ပညာရေးကျောင်းဆောင်သစ်ဆောက်လုပ်ပေးစေလိုကြောင်းနှင့် ယခင်ကျန်းမာရေးဆေးပေးခန်းသည် ကမ်းပါးပြိုကျမှုကြောင့် ဖျက်သိမ်းခဲ့ရပြီး အသစ်ဆောက်လုပ်ရန်မြေနေရာလည်း အဆင်သင့်ရှိနေပြီဖြစ်၍ အမြန်ဆောက်လုပ်ပေးစေလိုကြောင်း စသည်ဖြင့် ကျေးရွာလိုအပ်ချက်များကို တင်ပြကြရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက တင်ပြချက်များကို ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဇိုဟေဆာ-ချင်းတောင်မြေ)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံများဆောက်လုပ်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	အမှတ်(၈၄)၊ စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ၊ (၁)ထပ် အုတ်ညှပ်တစ်လုံး
(ခ)	အမှတ်(၄၇)၊ စက်မှုလယ်ယာစခန်း လယ်ဝေးမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ်အုတ်ညှပ်တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ဗိသုကာလုပ်ပုံစံများကို ၂၃-၁၀-၂၀၁၃ရက်မှစ၍ နေပြည်တော်တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ၊ နေပြည်တော်စက်မှုလယ်ယာရုံး၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့သို့ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စက်မှုလယ်ယာရုံး ဖုန်း(၀၆၇-၂၄၃၇၀၊ ၂၄၃၉၀)၊ ဦးကျော်စိုး ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၉၄၂၆၃ နှင့် ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင် ဖုန်း-၀၉-၈၆၀၁၉၆၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကမ္ဘောဇသာသနာ့ဗိမာန်နှင့်တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် မဟာဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘောဇသာသနာ့ဗိမာန်မိသားစုနှင့် တောင်ကြီးအသင်း(ရန်ကုန်)မိသားစု၏ (၁၆)ကြိမ်မြောက် မဟာဘုံကထိန်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၇-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ကမ္ဘောဇသာသနာ့ဗိမာန်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်

ကထိန်ရကျောင်းအပါအဝင် ပင့်သံဃာ(၁၈)ပါးတို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းလိုသော အလှူရှင်များ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၁-၃၈၁၄၃၉၊ ၀၁-၆၆၂၇၅၀၊ ၀၉-၈၆၃၅၃၅၇၊ ၀၁-၅၈၀၁၄၇၊၀၉-၇၃၀၃၉၄၈၇









ရွှေတိဂုံစေတီ ပန်းပေါင်းစုံဗုဒ္ဓဆင်းတုတော်များ ကျေးရွာများအရောက် လှူဒါန်း

မင်းရွာ အောက်တိုဘာ ၂၁

ကျေးလက်နေ ဗုဒ္ဓဘာသာဝင်တို့၏ နေအိမ်များ၌ ဗုဒ္ဓရုပ်ပွားတော်များ ကိုးကွယ်ပူဇော်ရန် အခက်အခဲရှိသူများအတွက် အဓိက ရည်ရွယ်၍ ရန်ကုန်မြို့နေ ဦးမျိုးအောင်(ဥက္ကဋ္ဌ၊ Same Sky Co.,Ltd.) မိသားစု လှူဒါန်းသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အလှူရှင်၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ပဲခူးမြို့ ရွှေအောင်ရွှေးကျောင်းတိုက်မှ ဦးကောဏ္ဍညက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ် မင်းရွာကျေးရွာသို့ ဆင်းတုတော် အဆူ ၅၁၀၊ ကျောင်းစုကျေးရွာသို့ အဆူ ၃၀၀နှင့် တာဝကျေးရွာသို့ အဆူ ၁၀၀ စုစုပေါင်း အဆူ ၉၁၀ ကို လာရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် ရွှေတိဂုံစေတီအလယ် ပစ္စယာနှင့် အောက်ပစ္စယာတို့မှ ပန်းပေါင်းစုံတို့အား အခြောက်လှန်း မိုလောင်း၍ ဆင်းတုတော်ပြုလုပ်ပြီး ရွှေသက်န်းကပ်ကာ အနေကဇာတင်ပြီးမှ ကျေးရွာများအရောက် လှူဒါန်းခြင်းဖြစ်ပြီး ယခုတစ်ကြိမ်သနပ်ပင်မြို့နယ်အတွင်း လာရောက်လှူဒါန်းခြင်းသည် ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်းခြင်း ဖြစ်ကြောင်းလည်းသိရသည်။

ရဲထွန်း(မင်းရွာ)

သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းဆန်စိမ်းလောင်းလှူ

တွံတေး အောက်တိုဘာ ၂၁

အောက်တိုဘာ ၁၉ ရက်သည် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် တာဝတိံသာနတ်ပြည်၌ မယ်တော်သန္တုသိတနတ်သားအား အမျိုးထား၍ အဘိဓမ္မာဒေသနာတော် ဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ ပြန်လည်ကြွချီလာသော မြတ်စွာဘုရားရှင်အား ရည်မှန်း၍ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်သော နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည်။

ထိုသို့သော နေ့ထူးနေ့မြတ်၌ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ မွန်းတည့် ၁၂ နာရီက ဆွမ်းတော်လောင်းလှူပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေဆံတော်ဂေါပကအဖွဲ့တို့မှကြီးမှူး၍ မြို့နယ်အတွင်းရှိ အရဟံဆွမ်းကြွသောဘုန်းတော်ကြီးကျောင်း၇၃ ကျောင်းမှသံဃာတော် အရှင်သူမြတ်အပါး ၆၁၀ တို့အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ စေတနာရှင်ပြည်သူများ လာရောက်ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနများပွားများကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရမည်းသင်းမြို့နယ် ဝတီကျေးရွာတွင် မိုးကြိုးပစ်၍တစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ရမည်းသင်း အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝတီကျေးရွာတွင် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီက မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သတင်းအရ ရဲတပ်ကြပ်ကြီးဇော်မြင့်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယင်းရွာနေ မစန်းစန်းချို(၃၈)နှစ်နှင့်မကြည်အေးရွှေ(၂၇)နှစ်တို့သည် ရွာအရှေ့ဘက် တစ်မိုင်ခန့်ရှိ ယာခင်းထဲ၌ ငရုတ်သီးခူးနေစဉ် မိုးကြိုးပစ်ခံရသဖြင့် မစန်းစန်းချိုတွင် ရင်ဘတ်အရေပြားညိုမည်းဒဏ်ရာဖြင့် သေဆုံးပြီး မကြည်အေးရွှေတွင် ပြင်ပဒဏ်ရာမရှိဘဲ မူးမေ့နေကြောင်းတွေ့ရှိရသဖြင့် ရမည်းသင်းဆေးရုံသို့ ပို့အပ်လိုက်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကာစီနိုလောင်းကစား ပဲခူး၌ ဖမ်းမိ

ပဲခူး အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အမှတ်(၂)ရဲစခန်းအပိုင် ဇိုင်းမြောက်ရပ်ကွက် ကမ်းနားလမ်းနှင့်(၅)လမ်းကြား ရန်ကုန်-မန္တလေးလမ်းမကြီးဘေးတွင် အောက်တိုဘာ ၁၇ ရက်ညနေ ၆ နာရီက ကာစီနိုအကြွေစေ့လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒု ရဲအုပ်မြင့်လွင်၊ ဒုရဲအုပ်ယဉ်ထွေးတို့နှင့် ပဲခူးမြို့ အမှတ်(၂) ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းထွန်း၊ ဒုတပ်ကြပ်စိုးကိုကိုထက်၊ သက်သေရာအိမ်မှူးများ နှင့်ရှာဖွေပုံစံဖြင့် သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိုက်အမှတ်(၅) အခန်းအမှတ်(၅-၆)တွင် ကာစီနိုအကြွေစေ့လောင်းကစား ပြုလုပ်နေကြောင်း တွေ့ရှိရ၍အကြွေစေ့လောင်းကစားဝိုင်းတွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီးလေးဦးနှင့် လောင်းကစားဝိုင်းတွင် အသုံးပြုသည်စက် ၂၆ လုံး၊ ငွေစက္ကူ ရောရာ ကျပ် ၈၁၂၀၀၀ တို့အား တွေ့ရှိ၍သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။ **(သုလင်း-ဟံသာမြေ)**

စီးပွားရေးကြော်ငြာ

ပြည်တွင်းရေးရာ

မြန်မာစာ၊ မြန်မာစကားအမှားကင်းအောင် သတိထားရေးသား၊ ပြောကြားကြပါစို့

ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းနေသောကာလတွင် တို့ဗမာအစည်းအရုံး၏ "မြန်မာစာသည်တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့စာကိုချီးမြှောက်ပါ၊ တို့စကားကိုလေးစားပါ" အစရှိသော ကြွေးကြော်သံသည် ဘဝင်လှိုက်မှုအားမာန်ပါခဲ့ပေ၏။ အုပ်စိုးသူနယ်ချဲ့တို့က အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို ရုံးသုံးလုပ်ထားသည့်အချိန်မဟုတ်ပါလော။

လွတ်လပ်ရေးရသောအခါ မြန်မာစာမြန်မာစကားကို ရုံးသုံးပြန်လုပ်ခဲ့သော်လည်း နိုင်ငံတကာသုံးအင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုလည်း ဒုတိယဘာသာစကား(2nd;Language)အဖြစ် ပြဋ္ဌာန်းအသိအမှတ်ပြုထားရပေသည်။ မှန်ပေသည်။ "ဘာသာမျိုးခြား၊ စာစကား၊ သင်ကြားသင့်သည်မှတ်"ဟူ၍ မြန်မာ့ဆိုရိုးစကားပင်ရှိခဲ့ပါ၏။ ကမ္ဘာ့ရွာ ICT ခေတ်တွင် "အ"သုံးလုံးဆိုသည်မှာ သမားရိုးကျမဟုတ်တော့ဘဲ "အင်္ဂလိပ်စာ၊ အင်တာနက်၊ အီးမေးလ်" ပင်ဖြစ်နေသဖြင့် အင်္ဂလိပ်စာမတတ်၍ မဖြစ်တော့သည်ကိုလက်ခံရမည်သာ။

မည်သို့ဆိုစေ မိခင်ဘာသာစကား (Mother Language)ဖြစ်သည့် မြန်မာစာမြန်မာစကားကို ပစ်ပယ်၍မရပေ၊ လေးစားတန်ဖိုးထားရမည်အမှန်။ ရှိပြီး အခြေအနေကို မပျောက်ပျက်အောင်ထိန်းသိမ်းရုံသာမက ရှေ့တစ်ဆင့်မြင့်သထက်မြင့်အောင် မြန်မာစာကို မြှင့်တင်သွားကြရပါမည်။ စာပေမြင့်မှ လူမျိုးတင့်ပါမည်။ စာပေပျောက်လျှင် လူမျိုးပျောက်သွားနိုင်ပါ၏။

"Think Global'. Act Local'."

မြန်မာလို "ကမ္ဘာနှင့် လွှမ်းခြုံစဉ်းစားပါ၊ ပြည်တွင်းအခြေအနေနှင့်လိုက် လျောညီထွေဆောင်ရွက်ပါ" ဟူသော မျက်မှောက်ခေတ်လမ်းညွှန်နီတိကို သတိပြုရပါမည်။

မြန်မာစာမြန်မာစကားကို အလေးမထားသဖြင့် အမှားတွေအပ်ကြောင်းထပ်ပုံကို သာဓကအချို့ပြပါမည်။ ပေါ့ပေါ့တန်တန်နှင့် အများစုမှားနေကြသည့် (Common Mistakes)များဟု ဆိုပါရစေ။

၁။ မှနှင့်က (သဒ္ဒါအမှား)

မှသည်ထွက်ခွာရာပြ၊ ကသည် ကတ္တားပြ

-ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့သည် နေပြည်တော်မှ မြစ်ကြီးနားသို့ လေကြောင်းဖြင့်ခရီးသွားကြ၏။ (ကမဟုတ်ပါ)

-နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောမည်။ (မှမဟုတ်ပါ)

၂။ ရမှာ အစားကမှာ (သို့မဟုတ်) ရမယ်အစား ကမယ် (အသုံးမှား)

-မနက်ဖြန်ကျောင်းသွား ကမှာ။ (အမှန် ရမှာ)

-ဈေးဝယ်ထွက် ကမယ်။ (အမှန် ရမယ်)

-သတင်းစာဖတ် ကမယ်။ (အမှန် ရမယ်)

(ကျောင်းဆရာမများ ကိုယ်တိုင် ရကောက်အစား ကကြီးမှားနေ)

၃။ ပဲနှင့် ဘဲ (ငြင်းရာမှာဘဲ၊ မနောက်က ဘဲလိုက်သည်ဟု ပုံသေမှတ်)

-စားပဲစားနိုင်လွန်း၊ သွားပဲသွားနိုင်လွန်း။

-မစားဘဲမနေနှင့်၊ မသွားဘဲမနေနှင့်။

-လမ်းမလျှောက်ဘဲ စာပဲဖတ်နေလျှင် အညောင်းမိမည်။

၄။ ဖူးနှင့် ဘူး (အတွေ့အကြုံမှာ ဖူး၊ ငြင်းရာမှာ ဘူး)

-စားဖူး၊ သွားဖူး၊ ဖတ်ဖူး (အတွေ့အကြုံ)

-မစားဘူး၊ မသွားဘူး၊ မဖတ်ဘူး (ငြင်းပယ်မှု)

-ရည်စားထားဖူးပေမယ့် လက်မထပ်ဘူး။

၅။ ပုဂံနှင့်ပန်းကန်

အနော်ရထာမင်းကြီးတည်ထောင်ခဲ့သည့် ပထမမြန်မာနိုင်ငံ၏ မြို့တော် ပုဂံတွင် ခေတ်မီပန်းကန်ခွက်ယောက် များသုံးစွဲနေပါပြီလား။

(ရန်ကုန်မြို့ သမိုင်းခဝဲခြံတွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရ ဦးသော်တည်ထောင်ခဲ့သည့် ပန်းကန်စက်ရှိရာလမ်းကို ပုဂံစက်လမ်းဟု ကျောက်စာကမ္ပည်းထိုးထားသည်မှာ အရုပ်ဆိုးလေစွ)။

၆။ အဆောက်အအုံနှင့်အဆောက်အဦ

(က) ရုံး၊ ကျောင်း၊ အိမ်၊ ဓမ္မာရုံ၊ ဟိုတယ်စသည်တို့၏ နောက်တွင် အဆောက်အအုံဟု ရေး/သုံးရမည်။

(ခ) အသုံးအဆောင်ပစ္စည်းစသည်ကို အဆောက်အဦဟုသုံးရမည်။

မှတ်ချက်။ အဆောက်အအုံအစား အဆောက်အဦဟု အမှားများကြသည်။

၇။ ယာနှင့်ရာ

(က) ယာ-လယ်ယာ၊ တောင်ယာ၊ လက်ဝဲလက်ယာ

(ခ) ရာ-အိမ်ရာ

မှတ်ချက်။ ။ အိမ်ယာဟုအမှားများနေသည်။

၈။ လျင်နှင့်လျှင်

(က) လျင်-လျင်မြန်မှု၊ ခြေလျင်တပ်၊ ခြေလျင်နှင့်တောင်တက်

(ခ) လျှင်- အခြေအနေစကားဆက်(သွားလျှင်၊ လာလျှင်စသည်)

အင်္ဂလိပ်လို If ဖြင့်စသည့်စကားစုကိုလျှင်ဖြင့်ဆက်ရ၏။

မှတ်ချက်။ ။ အလျှင်အမြန်ဟုအမှားများကြသည်။

၉။ လျက်နှင့်လျှက်

(က) လျက်- လျှာဖြင့်လျက်၊ လျက်ဆား၊ သွားလျက်လာလျက်

(ခ) လျှက်- ရေးထုံးမရှိပါ။

မှတ်ချက်။ ။ လျက်ကိုလျှက်ဟုအမှားများကြသည်။

လျှက်ဟုစာစီမှုား၍ ဟထိုးဖြုတ်ပစ်နေရသည်။

၁၀။ ကာနှင့်ခါ

(က) ကာ-စကားဆက်(ဥပမာ ပြေးကာလွှားကာ၊ ခြောက်ကာမြောက်ကာ--စသည်)

(ခ) ခါ- အချိန်ကာလကိုညွှန်း

(ဥပမာ-ဆောင်းဝင်ခါစနှင်းတွေကျပြီ)

မှတ်ချက်။ ။ ကာနေရာမှာ ခါဟုအမှားများသည်။

၁၁။ မြော်နှင့်မျှော်

(က) ဖူးမြော် (ခ)မျှော်လင့်ချက်

မှတ်ချက်။ ။ ဖူးမျှော်ဟုအမှားများကြသည်။

၁၂။ များနှင့်မြား

(က) များစွာ(ခ)အမြောက်အမြား

မှတ်ချက်။ ။ အမြောက်အများဟု အမှားများကြသည်။

၁၃။ ထုပ်နှင့်ထုတ်

(က)ထုပ်ပိုး၊ ရွှေထုပ်တဲ့မြပဝါ(ထုပ်)

(ခ) အပြင်ထုတ်၊ ထုတ်လုပ်ရေး(ထုတ်)

မှတ်ချက်။ ခေါင်းမပြူရ၊ လက်မထုပ်ရဟုမှားလေ့ရှိသည်။

၁၄။ လည်နှင့်လယ်

(က)လည်-လှည့်လည်၊ နှစ်ပတ်လည်

(ခ) လယ်-အလယ်ဗဟို၊ နေ့၏အလယ်

မှတ်ချက်။ ။ နေ့လည်စာဟုအရေးမှားများသည်။

မြန်မာစာ မြန်မာစကား အမှားနည်း၊ အမှားကင်းအောင် သတိထားရေးသား၊ ပြောကြားကြပါစို့ ဟူ၍။ ။

မောင်ကျေးဇူး

နီပေါဆရာဝန်ကြီးများ ပဲခူးပြည်သူ့ဆေးရုံတွင် မျက်စိ အခမဲ့စမ်းသပ်ပေးမည်

ပဲခူး အောက်တိုဘာ ၂၁

နိုင်ငံပေါင်းစုံ အလှူရှင်များနှင့် နီပေါနိုင်ငံမှ မျက်စိခွဲစိတ်ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံမှ မျက်စိခွဲစိတ်ဆရာဝန်ကြီးများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၁ရက်မှ ၂၆ ရက်အထိ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိအတွင်းတိမ်ဝေဒနာရှင် ၄၀၀ ခန့်အား နေထိုင်သွားလာ စားသောက်စရိတ် အပါအဝင် အလုံးစုံအခမဲ့ ခွဲစိတ်ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်မှုအတွက် ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များအား မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄) ပဲခူးမြို့မှ ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာစောသွင်မွန်သိန်း ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က မင်းရွာကျေးရွာသို့ ကွင်းဆင်းစစ်ဆေးပေးရာ ဝေဒနာရှင် ၃၃ ဦး ခွဲစိတ်ရန် စုဆောင်းနိုင်ခဲ့သည်။

(ရဲထွန်း-မင်းရွာ)

ကျိုးပေါက်နေသော ပလက်ဖောင်း ပြုပြင်ပေးစေချင်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီးပေါ် တော်ဝင်နှင်းဆီအနီးရှိ ပလက်ဖောင်းမှာ ကျိုးပေါက်နေသည်ကို တွေ့ရှိရသည်။**(အပေါ်ပုံ)**

ယင်းကျိုးပေါက်လျက်ရှိသော ပလက်ဖောင်းမှာ တန်ချိန်များသည့်ယာဉ်ကြီးနင်းမိခြင်းကြောင့်ဖြစ်ပြီး ရက်ပေါင်း၊ လပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ကြောင်း၊ ယနေ့ထိ ပြုပြင်မှုမရှိသေးကြောင်း၊ လမ်းသွားလမ်းလာများ ကွေ့ရှောင်သွားနေရသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြင်ဆင်ပေးမည်ဆိုပါက ခရီးသွားပြည်သူများ ရှောင်ကွင်းမသွားကြရတော့ဘဲ ချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံးပြုပြင်ပေးစေချင်ကြောင်း လမ်းသွားလမ်းလာ ပြည်သူများထံမှ သိရသည်။

(ရွှေတိုင်လွင်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဝေါမြို့နေ ဦးထွန်းရီ-(ဒေါ်တီ)၊

ပဲခူးမြို့နေ ဦးကြင်ဝမ်-ဒေါ်လှသိန်း(ဂျိုးသိန်းဆေးပေါ့လိပ်)တို့၏မြေး

ရန်ကုန်မြို့နေ၊ ဒေါက်တာညွန့်ဦး(Steel Horse Co.,Ltd)-ဒေါ်ခင်ပြုံးဆွေ

တို့၏သားလတ်

မောင်မျိုးညွန့်ထူး@Peter Lin

B.Sc(Hons)(Business Computing and Information Technology)

(University of Wales,UK)

M.D (Triple Luck Co,Ltd)

Director(Myint Mo Hlwan Construction Co.,Ltd)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃-လမ်း၊ အမှတ်(၆)နေ ဦးမြင့်စန်း(Former Marine Engineer F/G 1E)-(ဒေါ်ရီရီ မြင့်)(လှဘုရင်၊ ဗိုလ်ချုပ်ဈေး)တို့၏ သမီးလတ်

မအေးစုမွန်@Rebecca Lin

B.C.Sc(Computer Science)

(University of Computer Studies, Yangon)

Graduate Diploma in System Analysis

(National University of Singapore, Singapore)

Senior Analyst (Singapore Post Co,Ltd)

တို့၏ ၁၇-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် ၁၉-၁၀-၂၀၁၃ (စနေနေ့)တွင်ပြုလုပ်သော Sedona Hotel(Grand Ballroom)တွင် ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော နှစ်ဖက်သော ဂုဏ်သရေရှိ ဧည့်သည်များနှင့်မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်

မောင်မျိုးညွန့်ထူး-မအေးစုမွန်

တောင်သူလယ်သမား(လယ်ယာကဏ္ဍ)သီချင်းရေးပြိုင်ပွဲ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူလယ်သမား(လယ်ယာကဏ္ဍ) (FARMER CHANNEL)အတွက် သီချင်းပြိုင်ပွဲပြုလုပ်မည်ဖြစ်ပါ၍ တေးရေးဂီတပညာရှင်များ၊ ဝါသနာရှင်များ မည်သူမဆိုဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

သီချင်းပြိုင်ပွဲတွင် ပထမဆုသိန်း(၅၀)၊ ဒုတိယဆုသိန်း(၃၀)၊ တတိယဆုသိန်း(၂၀)နှင့် အထူးဆုအဖြစ်(၇)ဆုကို တစ်ဆုလျှင် ကျပ်(၅)သိန်းချီးမြှင့်မည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်လိုသူများသည် သီချင်းစာသား၊ ဂီတသင်္ကေတနှင့်(AUDIO-CD)နှစ်ချပ်ကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ၃၁-၁၂-၂၀၁၃ ရက် နောက်ဆုံးရုံးချိန်အတွင်း ပေးပို့ပါရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

အမှတ်(၂)၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်-၀၁၅၄၅၈၆၃၊ ၀၁-၅၅၁၃၃၀၊ ၀၁-၅၄၅၈၆၂

ဖိတ်ကြားအပ်ပါသည်

ဒုတိယအကြိမ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာဓာတ်ရောင်ခြည် နည်းပညာရှင်များအစည်းအဝေးနှင့်စာတမ်းဖတ်ပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်(တနင်္ဂနွေနေ့)တွင် Chatrium Hotel ၌ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်လိုသော မြန်မာပြည်အရပ်ရပ်မှ ပညာရှင်များအောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ၃၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးပို့နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်လိုသူများနှင့်အခမ်းအနားတက်ရောက်လိုသူများစုံစမ်းရန်

၁။ ဒေါ်ယဉ်ယဉ်သန်း	ဖုန်း-၀၉-၅၄၁၃၀၉၅	မဟာမြိုင်ဆေးရုံ
၂။ ဒေါ်ချိုချိုဝင့်	ဖုန်း-၀၉-၄၃၁၇၈၅၈၀	ဇီဝိတဒါနသံဃာ့ဆေးရုံ
၃။ ဒေါ်တိုးတိုးအောင်	ဖုန်း-၀၉-၂၅၀၀၃၁၃၁၈	အာရှတော်ဝင်ဆေးရုံ
၄။ ဒေါ်သဇင်အောင်	ဖုန်း-၀၉-၃၁၀၃၃၉၁၄	ရန်ကုန်ပြည်သူ့ဆေးရုံ
၅။ ဒေါ်စန်းစန်းရှိန်	ဖုန်း-၀၉-၇၃၁၀၄၅၉၄	မြောက်ဥက္ကလာပဆေးရုံ

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ စာလျှောက်မေးပွဲရက်ကြေညာချက်

မြင်းခြံမြို့၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ (၆၂)ကြိမ်မြောက် စာလျှောက်မေးပွဲအား ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်အထိ ယခင်နှစ်များကဲ့သို့ ကျင်းပသွားမည်ဖြစ်ပါ၍ စာလျှောက်မေးပွဲဝင်ခွင့်လျှောက်လွှာများအား ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်မှစတင်လက်ခံနေပါသည်ဘုရား။

အမှုဆောင်အဖွဲ့

ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး

မြင်းခြံမြို့

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ

ဦးလှဦး(ဆောက်လုပ်ရေးကန်ထရိုက်တာ)-ဒေါ်သန်းရီ တို့၏သားကြီး

မောင်အောင်ကျော်ဇော

(ရွှေလရောင်မြန်မာစတိုးနှင့်စားသောက်ဆိုင်)

နှင့်

ရန်ကုန်မြို့ ရွှေပြည်သာ၊ VIP ရပ်ကွက်နေ

(အရာခံဗိုလ်လှထွန်း-ငြိမ်း)-ဒေါ်မြကြည်ကြည်တို့၏သမီးလတ်

မမိုးသူဇာခိုင် (LLB,D.M.L)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူခွင့်ပြုချက်အရ ၂၂-၁၀-၁၃ ရက်တွင် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်အောင်ကျော်ဇော-မမိုးသူဇာခိုင်

တောင်ငူ အထက(၄) (ယခင် ရှင်လုကာဒိုင်အိုစီဇင်)
(၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

တောင်ငူ အထက(၄)(ယခင် ရှင်လုကာဒိုင်အိုစီဇင်အထက်တန်းကျောင်း) ကျောင်းသား/သူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ညစာစားပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား/သူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။ အလှူငွေ လှူဒါန်းလိုသူများ ဖော်ပြပါ ကျောင်းသားများနှင့် ငွေစာရင်းများသို့ ဆက်သွယ်ထည့်ဝင်လှူဒါန်းနိုင်ကြပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ကျင်းပမည့်နေ့	-	**၂၁-၁၂-၂၀၁၃ (စနေနေ့)**
ကျင်းပမည့်နေရာ	-	**တောင်ငူ အထက(၄)“ပင်လုံခန်းမ”**
ကျင်းပမည့်အချိန်	-	**နံနက် ၆း၃၀ နာရီ-အရှက်ဆွမ်းကပ်လှူခြင်း။**
နံနက် ၈ နာရီ	-	**မြတ်ဆရာပူဇော်ကန်တော့ခြင်း။**
ညနေ ၅ နာရီ	-	**ညစာစားပွဲကျင်းပခြင်း။**

တောင်ငူမြို့
၁။ ဒေါ်စန်းစန်းကြည်-၀၅ ၄၂၃၁၆၈ (ကျောင်းအုပ်ဆရာမကြီး)
၂။ ဒေါ်ခင်လှဝေ -၀၅၄၂၃၄၀၆
၃။ ဦးဘချစ် -၀၉ ၄၂၈၁၃၄၀၂၀
၄။ ဦးခင်ဝင်း -၀၅၄၂၅၀၁၄
၅။ ဒေါက်တာစန္ဒာဝင်း -၀၄၉၂၂၅၉၇၇
၆။ ဦးမျိုးမင်း -၀၉ ၅၃၅၁၆၄၁

ရန်ကုန်မြို့
၁။ ဦးမျိုးဟန်-၀၉ ၅၄၀၃၀၄၂
၂။ ဦးနေဝင်း -၀၉ ၅၁၀၅၀၄၉
၃။ ဒေါ်စန္ဒာမြတ်ဝေ-၀၉ ၇၃၀၉၁၀၄၃
၄။ ဒေါ်ချိုချိုမာ -၀၉ ၅၁၃၇၅၀၅
၅။ ဦးရဲနိုင် -၀၉ ၅၀၁၁၁၅၆
၆။ ဗိုလ်မှူးအောင်နိုင်(ငြိမ်း) ၀၉ ၅၁၃၅၈၇၈

မန္တလေးမြို့
၁။ ဦးစိုးနိုင် ၀၉ ၂၀၂၁၁၅၃
၂။ ဦးတင်မောင်လွင် ၀၉ ၆၈၀၀၄၇၇

နေပြည်တော်
၁။ ဦးအောင်စိုး ၀၉ ၄၃၀၄၆၁၈၉

ကမ္ဘောဇဘဏ်၊ လမ်းမတော်ဘဏ်ခွဲ Account No. 0041220055771
မြန်မာ့စီးပွားရေးဘဏ်၊ တောင်ငူမြို့ Account No. SN 0.42743

ဟသ်ာတအသင်းနှင့် ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်
ဌာနပေါင်းစုံ အဖွဲ့အစည်းပေါင်းစုံ
စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီး

ဟသ်ာတအသင်းနှင့် ဟသ်ာတခရိုင်/မြို့နယ် ဌာနပေါင်းစုံ အဖွဲ့အစည်းပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးကို ၁၀-၁၁-၂၀၁၃ ရက်တွင် ဟသ်ာတမြို့ သာသနဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း (၁၂၀) ကျော်မှ သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြပါမည်။

၉-၁၁-၂၀၁၃ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဟသ်ာတအသင်းတိုက်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဟသ်ာတမြို့ နတ်မော်ဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲသို့ သွားရောက်ကြမည်။ ယင်းကပ်လှူပူဇော်ပွဲတွင် ဧည့်ပရိသတ် တစ်သိန်းအား စတုဒိသာကျွေးမွေးခြင်း၊ ညပိုင်းတွင် ဆီမီး ၈၄၀၀၀ ကပ်လှူပူဇော်ခြင်းတို့အပြင် တေးဂီတဖျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်မည်။

လိုက်ပါလိုသူများသည် ၅-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ ဟသ်ာတဦးမြင့်ငွေ ဖုန်း-၀၁-၅၂၂၄၂၈၊ ဦးခိုင်ထွန်းအောင် ဖုန်း-၀၉- ၄၉၂၃၄၇၂၉၊ ဦးစိန်ဝင်း ဖုန်း-၀၉ ၃၁၀၄၇၅၀၇ နှင့် ဟသ်ာတအသင်းတိုက် ဖုန်း-၀၁-၃၉၈၇၁၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းပြီး အလှူငွေနှင့် ကထိန်အလှူပစ္စည်းများ ကြိုတင်ပေးပို့လှူဒါန်းနိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၁၁-၁၁-၂၀၁၃ ရက် နံနက် ၁၁ နာရီတွင် ဟသ်ာတမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာပါမည်။

ဖျော်ဖြေရေးအစီအစဉ်

၁။ ၁၀-၁၁-၂၀၁၃ ရက် ည ၇ နာရီတွင် ဟသ်ာတမြို့ ဆယ်ထပ်ကြီးဘုရားဝင်း၌ ဂီတစာဆို ဟသ်ာတမြင့်ငွေ၏ စီစဉ်မှုဖြင့် ဟသ်ာတထွန်းရင်၊ ယဉ်ဝေယံထွန်းတို့၏ မြန်မာမှုတေးဂီတ ဖျော်ဖြေရေးအစီအစဉ်
၂။ Lazy Club တေးဂီတအဖွဲ့နှင့် ဇော်ပိုင်၊ ဖြိုးကြီး၊ ယုဇန၊ မိုင်၊ ရတနာမိုင်တို့၏ ခေတ်ပေါ်တေးဂီတ ဖျော်ဖြေရေးအစီအစဉ်
၃။ အကယ်ဒမီမိုးဒီတို့ အငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြပါမည်။

အမှုဆောင်အဖွဲ့၊ ဟသ်ာတအသင်း





ဆုံးပါးခြင်း / ကြော်ငြာ

KBZ Bank (Account No.00730200701690301)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးဦး ဦးအောင်သန်းစိန်၏ ၂၇-၉-၂၀၁၃ ရက်နေ့တွင်ကျရောက်မည့်ပြီးသော ၅၈-နှစ်ပြည့် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ ချစ်သောမိသားစုနှင့်အတူ နှစ်ရှည် နှစ်တိုင်း ပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်းနှင့် အသက်ရာကျော်တိုင် လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော တူ/တူမများ

လူတိုင်းလိုချင်ပါတယ်

ဝယ်လိုသည်

အဲ့ဖြိုးရာစ်မြောက်ပိုင်၊ ရှိမြေကွက်ဝယ်လိုသည်။

မျက်ပွင့်သင်တန်း အမှတ်စဉ်(၁၀)

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော မေတ္တာသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အရည်အချင်းပြည့်မီသူ လူငယ်များ တက်ရောက်နိုင်သည်။

သင်တန်းကာလ	- ၂၆-၁၀-၂၀၁၃ရက်မှ ၄-၁၁-၂၀၁၃ရက်ထိ နေ့စဉ် (၁၀)ရက်
သင်တန်းချိန်	- နံနက် ၁၁း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ
ပို့ချမည့်ဘာသာရပ်	- ဗုဒ္ဓနည်းကျ တွေးခေါ်ခြင်း၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ၊ ဂီတ၊ ဒီဇိုင်း။
သင်တန်းသား အရည်အချင်း	- အနိမ့်ဆုံးအားဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး ဖြစ်ရမည်။
စာရင်းပေးသွင်းရန်	- ရှင်သာမဏေမွေ့ဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီ အရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်။ ဖုန်း- ၀၁-၃၈၇၇၆၀

ရှင်သာမဏေမွေ့ဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့

အသက်မွေးဝမ်းကျောင်းပညာရေးလမ်းညွှန်ပြုစုရန် သတင်းအချက်အလက်များတောင်းခံခြင်း

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်နှင့်မြို့ပြနေ လူငယ်လူရွယ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ပညာရပ်များသင်ယူလိုပါက ၎င်းတို့လိုအပ်သည့် သတင်းအချက်အလက်များအား အချိန်တိုအတွင်း လွယ်ကူစွာနှင့် ထိရောက်စွာရှာဖွေရရှိနိုင်စေရန် ရည်ရွယ်လျက် Web-based Technical Vocational Education and Training (TVET) Directory (အသက်မွေးဝမ်းကျောင်းပညာရေးလမ်းညွှန်)တစ်စောင်အား ပြုစုလျက်ရှိပါသည်။ ဤလမ်းညွှန်အား စီးပွားရေးလုပ်ငန်းတစ်စုံတစ်ရာအတွက် အသုံးပြုရန် ရည်ရွယ်ခြင်းမဟုတ်ပါ။ လူငယ်လူရွယ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာပညာရပ်များ ထိရောက်စွာ သင်ကြားနိုင်မှုအတွက် အထောက်အကူပြုစေရန်သာ ရည်ရွယ်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများက လက်ရှိ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား Website (www.tvetmyanmar.org) တွင် မိမိတို့ကိုယ်တိုင် Registration ပြုလုပ်ပြီး ပြည့်စုံစွာဖြည့်စွက်ဖော်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

အသေးစိတ်သိရှိလိုသည်များနှင့် မရှင်းလင်းသည်များရှိပါက အီးမေးလ်လိပ်စာ (info@tvetmyanmar.org)သို့ စာရေးသား၍ဖြစ်စေ၊ ဖော်ပြပါဖုန်းနံပါတ်များ ၀၉-၂၅၀၀၁၃၁၇၄၊ ၀၉-၄၃၀၂၆၈၃၅၊ ၀၉-၄၂၀၀၇၄၄၅၅ သို့ခေါ်ဆို၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

အသက်မွေးဝမ်းကျောင်းပညာရေးလမ်းညွှန်ပြုစုရေးအဖွဲ့

J&B

Ph:09-73130202,09-73017761

(Renovation)

(Decoration)

W 01-394727, 01-398426, 09-73000884, 09-5162521

Microsoft

Day 2 Application Development

Day 3 Information on Security

24, 25, 26 October 2013

VALUESTAR Computer Training Centre

မြေနှင့်အိမ်ရောင်းရန်

သန်လျင်မြို့၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်လမ်းပေါ်ရှိ (မြို့မဈေးလမ်းကြီးအနီးထောင့်ကွက်) မြေအကျယ် ပေ (၉၂×၄၃)ရှိ နှစ်ထပ်တိုက်ခံ၊ ရေမီးအစုံရှိ အိမ်မြေရောင်းမည်။ ဝယ်ယူလိုသူကိုယ်တိုင် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၅၁၄၂၆၀၅၊ ၀၉-၅၁၅၉၀၇၀

ရောင်းရန်ရှိသည်

မော်တော်ကားအောက်ပိုင်းပြုပြင်ရန်အတွက် နိုင်ငံခြားမှ တင်သွင်းလာသော စက်ပစ္စည်းအသစ်များ ရောင်းရန် ရှိပါသည်။

SIDE SLIP TESTER BENCH, BRAKE TESTER BENCH, SPEEDOMETER TESTER BENCH, OPACIMETER, HEADLIGHT TESTER, SOUND METER, PLAY DETECTOR, INDICATION LCD DISPLAY MONITOR, CONTROL UNIT, WHEEL ALIGNER, 4 POST LIFT, GASOLINE 5 GAS ANALYZER, AIR COMPRESSOR.

အမှတ် ၁၂၉ (C)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ ရွှေပြည်သာ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်- Tel: 95-9-8615045, 95-9-5187333

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုးရေအိုးစင်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၄၂၀)တွင်တည်ရှိသော ၂-လွှာ(B)၊ မြေညီထပ် (အလျား ၁၂ ပေ × အနံ ၅၀) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ... ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ... ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နိုင်နိုင်ငွေး LL.B,D.B.L (အထက်တန်းရှေ့နေ)

အမှတ်(၂၄)၊ ပထမထပ်(B)၊ ဦးဗိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၇၃၁၉၃၈၂၄

မိဂဒါဝုန် မြေပြတ်ဆိုင်ရာ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ သာသနာ့မြေ လှူဒါန်းကြပါစို့

0931815390,0931815395

Hi-Ace

Tr FLORA

DUAL TECH Vocational Training Centre

အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့ (၁၆)ကြိမ်မြောက် မဟာဘုံကထိန် ဖိတ်ကြားလွှာ

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ၊ သန်လျင်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် အခမ်းအနားကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ကုသိုလ်တော်ယူနိုင်ရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက်) ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၈ နာရီမှ ၁၁း၃၀ နာရီအထိ (နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။)
နေရာ	-	အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ၊ သန်လျင်မြို့။ သီရိခေမာဓမ္မသာလဗိမာန်တော်ကြီး၏ အပေါ်ထပ်ခန်းမ

ဖုန်း-၀၁-၇၂၀၇၂၄၊ ၀၅၆-၂၁၉၂၇(ရုံး)
၀၅၆-၂၁၈၃၀(အဘွား)၊ ၀၉-၇၃၂၅၀၄၈၀

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့
ဖားအောက်တောရရိပ်သာ၊ သန်လျင်မြို့

Electrical Department ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရာထူး	နေရာလစ်လပ်မှု	အသက်	လုပ်ငန်းလိုအပ်ချက်
Electrical Technician ကျား/မ	ရန်ကုန်-၃ နေရာ မန္တလေး-၃ နေရာ	အသက် ၂၄ နှစ်နှင့်အထက်	EP (သို့) EC ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ Electrical နှင့် သက်ဆိုင်သည့် လုပ်ငန်းသက်တမ်း ၂ နှစ်နှင့် အထက်ရှိသူ(သို့) Electrical Products များအကြောင်း ကောင်းစွာနားလည်သူ ဦးစားပေးမည်။ ကျန်းမာ၍ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
Sales Executive ကျား/မ	ရန်ကုန်-၆ နေရာ မန္တလေး-၄ နေရာ	အသက် ၂၀ နှစ်နှင့်အထက်	ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။ Electrical (သို့)Sales/အရောင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းသက်တမ်းရှိသူ (သို့) Electrical နှင့်သက်ဆိုင်သည့် Certificate/Diploma ရရှိထားသူ ဦးစားပေးမည်။ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
Warehouse Executive ကျား/မ	ရန်ကုန်-၄ နေရာ မန္တလေး-၄ နေရာ	အသက် ၁၉ နှစ်နှင့်အထက်	ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။ နေ့စဉ်စာရင်းအင်း(Bookkeeping)နှင့်သက်ဆိုင်သည့်လုပ်ငန်း သက်တမ်းရှိသူ (သို့) နေ့စဉ်စာရင်းအင်းနှင့် သက်ဆိုင်သည့် Certificate/Diploma ရရှိထားသူ ဦးစားပေးမည်။
Delivery Executive ကျား	ရန်ကုန်-၄ နေရာ မန္တလေး-၂ နေရာ	အသက် ၁၉ နှစ်နှင့်အထက်	တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။ ရိုးသား၍ တာဝန်သိတတ်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။
Motorist ယာဉ်မောင်း ကျား	ရန်ကုန်-၄ နေရာ မန္တလေး-၂ နေရာ	အသက် ၂၅ မှ ၃၅ နှစ်အတွင်း	ယာဉ်မောင်းလိုင်စင်(ခ)အဆင့်နှင့် ယာဉ်မောင်းသက်တမ်း (၃)နှစ် အနည်းဆုံးရှိရမည်။ မြို့တွင်း၊ နယ်ဝေး ခရီးမောင်းနှင်နိုင်သူ၊ မောင်းနှင်ဖူးသူဖြစ်ရမည်။ ရိုးသား၍တာဝန်သိတတ်ရမည်။ ကားအကြောင်း အထိုက်အလျောက် နားလည်ပြီး (၃)တန်ယာဉ်အထိ မောင်းနှင်ဖူးရမည်။

လျှောက်ထားလိုသူများအနေဖြင့် မိမိလျှောက်လွှာများနှင့်အတူ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာတို့နှင့် အမှတ်(၃၂)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (သို့) အမှတ်-၂/၁၆၊ မြနန္ဒာလမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့တွင် (အောက်တိုဘာ ၂၈ ရက်၊ ၂၀၁၃) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။





အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅/က)နေ ဒေါ်တင်မြ[၁၂/အစန(နိုင်)၀၂၆၇၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၁/ခ၁၆)၊ မြေအကျယ် (၀. ၀၄၄)ဧက၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အမှတ်(၂၇၄)၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်တင်မြမှ (၂၀၀၈)ခုနှစ်ကတည်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၁၉၇/၀၈ ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ဂရန်အမည်ပေါက်ပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်တွင် ယခုအခါ သားဖြစ်သူ ဦးမျိုးသီဟ(ကွယ်လွန်)၏ ဇနီး ဒေါ်ခင်သီတာမိုး(ခ)အင်ကြင်းခိုင်[၁၂/ဥကတ(နိုင်) ၁၃၅၆၈၄]အား မေတ္တာဖြင့် နေထိုင်ခွင့်ပြုထားပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်မြ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်းနှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အပြင် နည်းလမ်းတစ်ရပ်ရပ်ဖြင့် စီမံခန့်ခွဲခြင်းတို့ကိုလည်း မပြုလုပ်ကြပါရန် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**ညွှန်ကြားချက်အရ**
ဒေါ်တင်မြ	**ဒေါ်ခင်လှသန်း B.A(Law),LL.B(စဉ်-၂၁၅၅)**
[၁၂/အစန(နိုင်)၀၂၆၇၃၈]	**ဒေါ်မာလာစန်း LL.B(Q)(စဉ်-၇၂၉၀)**
	တရားလွှတ်တော်ရှေ့နေများ
	ဖုန်း-၀၉-၅၀၂၆၇၀၇၊ ၀၉-၅၅၀၂၆၁၂

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ ပြည်တော်သာ(၃)လမ်း၊ အိမ်အမှတ်(ပပ-၁၄၁)ဒေါ်ခင်သီ(NBN-၀၁၃၆၂၈) [၇/ကတခ(နိုင်)၀၀၇၀၈၄]မှ ပြန်လည်ရှင်းပြကြေညာခြင်း

အထက်အမည်ပါ ဒေါ်ခင်သီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ၅-၁၀-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာပါ (၁)ဦးအောင်မြင့်၊ (၂)ဒေါ်ခင်မှိုတို့၏ ကြေညာချက်အရ မောင်နှမ(၇)ဦးဆိုသည်မှာ မဟုတ်ပါ။ မောင်နှမ(၆)ဦးသာ ဖြစ်ပါသည်။ ၎င်းတို့မှာ ဦးစိုးမြင့်၊ ဦးစိုးတင့်(ကွယ်လွန်)၊ ဦးညွန့်ဦး၊ ဦးညွန့်ကြိုင်၊ ဒေါ်ခင်သီ၊ ဒေါ်ခင်မှိုတို့သာ ဖြစ်ပါသည်။ ဦးအောင်မြင့်မှာ အမွေစား၊ အမွေခံ ကိတ္တိမ မွေးစားသားမဟုတ်ပါ။ ၅-၁၀-၂၀၁၃ ရက်စွဲပါ မြေကွက်၊ မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးမှာ ဦးဘိုးရင်၊ ဒေါ်သင်းလှတို့ ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်သည်မှာ မှန်ကန်ပါသည်။ မိခင်မကွယ်လွန်မီ ၈-၁-၁၉၉၇ ခုနှစ်၊ ပဲခူးခရိုင် မြေမှုအမှတ် ၅၆၆/ငါး/၁၉၉၆-၉၇ ဖြင့် ဒေါ်ခင်သီအမည်ဖြင့် ဂရန်ပေါက်ပြီး ဖြစ်ပါသည်။ ညီမ ဒေါ်ခင်မှိုကိုယ်တိုင်ပင် ဂရန်ရရှိရေး လိုက်ပါဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါသည်။ ဂရန်အသစ်လျှောက်စရာပင်မလိုပါ။ ၎င်းဂရန်လျှောက်ထားမှုအတွက် မောင်နှမအားလုံးက သဘောတူကြောင်း လက်မှတ်ထိုးပြီးမှ ဂရန်ရရှိခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်၊ အိုးအိမ်တိုက်တာနှင့် အကျိုးခံစားခွင့်အသီးသီးမှာ ဒေါ်ခင်သီ တစ်ဦးတည်း(အပျိုကြီး)ကိုသာ ပေးအပ်ပြီး ဖြစ်ပါသည်။ မည်သူ့ကိုမှ ခွဲဝေပေးကမ်းမည်မဟုတ်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

ဒေါ်ခင်သီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုး(LL.B,Dip in Jap:)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၅၃/၈၇)
အမှတ်(၁၀)၊ တပင်ရွှေထီးလမ်း၊ မြို့မ(၂)၊ ညောင်လေးပင်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ပန်းခြံလမ်း၊ တိုက်အမှတ်(၅)၊ ၄ လွှာ၊ A(ခေါင်းရင်းခန်း)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာညွန့်[၁၂/ရတန(နိုင်)၀၀၈၄၁၂]ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးခင်မောင်စိုး[၅/ဝလန(နိုင်)၀၉၂၇၄၁]
တိုက်(၁၂)၊ အခန်း(၁၂)၊ ဝေဠုဝန်အိမ်ရာစခန်း၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၂၅၆၀၇၁၃၄၄၊ ၀၉-၇၃၂၃၂၉၆၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

နန်းကောင်တစ်	နှင့်	၁။	ဒေါ်နန်းခမ်းရှဲန်
အမှတ်-၁/၂၂(က)၊			မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့
ဆန်ဆိုင်း(က)ရပ်ကွက်၊		၂။	ဦးစိုင်းဦးပန်
တာချီလိတ်မြို့			ပါဆတ်ရွာ၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ တာချီလိတ်မြို့
တရားလို			**တရားပြိုင်များ**

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်နေ ဒေါ်နန်းခမ်းရှဲန်[၁၃/တခလ(နိုင်)၀၀၀၅၀၅] (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင်တို့အပေါ်၌ တရားလို နန်းကောင်တစ်က စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၄ရက် (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးကျော်)
မြို့နယ်တရားသူကြီး
တာချီလိတ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၅

ဒေါ်နန်းဟွမ်မို	နှင့်	၁။	ဒေါ်တင်တင်ဝင်း
အမှတ်(၁၈)၊ ဦးပုညလမ်း၊			တိုက်-၁၊ အခန်း-၁၊ ထန်းပင်ကုန်း၊ ဂျပန်လမ်း၊
(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်			အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
(မြောက်ပိုင်း)မြို့နယ်၊		၂။	ဒေါ်ခင်သက်သက်(ခ)ဒေါ်ခင်သက်သက်မြင့်
ရန်ကုန်မြို့။		၃။	ဦးခင်မြင့်
		၄။	ဒေါ်ခင်ဝင်းနု
			အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ (၁၆)လမ်း၊
			ရှုမဝဓာတ်ပုံတိုက်၊ မင်္ဂလာဒုံဈေး၊
			မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
		၅။	ဒေါ်ထက်ထက်ဝင်း
			အမှတ်-၃၂၊ အိမ်အမှတ်-၆၀၊ ပြည်သာယာလမ်း၊
			ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
တရားလို			**တရားပြိုင်များ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဂျပန်လမ်း၊ ထန်းပင်ကုန်း၊ တိုက်-၁၊ အခန်း-၁နေ ဒေါ်တင်တင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တရားလိုမှ "ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၀အမှုတွင် ၁၃-၁၂-၂၀၁၁ရက်စွဲဖြင့် ချမှတ်သောဒီကရီသည် မမှန်မကန်လိမ်လည်ရယူထားသောဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်းနှင့် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၁ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

အသက်(၈၅)နှစ်

(နေပြည်တော်၊ ပျဉ်းမနား)

CBဘဏ် ဒု-ဥက္ကဌ အလိုတော်ပြည့်ကျောင်း ရန်ကုန် ဂေါပက ဥက္ကဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူ တို့၏ ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသိန်းဇံ(ခ)ငန်ပိန်းချန် (ပျဉ်းမနားမြို့၊ ကြန့်တိတ်ဘုံကျောင်း ဥက္ကဌဟောင်း)သည် ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့၊ ညောင်ဦး

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြိုင်(ကိုဆောင်း)

အသက်(၈၉)နှစ်

သူငယ်ချင်း ဒေါက်တာမြင့်သူမြိုင်(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးလှမြိုင်(ကိုဆောင်း)သည် ၁၄-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မြင့်သူနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
မနွမ်း၊ မချို၊ ဥမ္မာ၊ စောယုဝင်း၊ မဝါ၊ မမင်း၊ မသင့်၊
မရင်ကြည်၊ မခင်ဖုန်း၊ မီမီလင်း၊ မအိ၊ နုနုရီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နုခင်(ရေတိမ်၊ ကွမ်းခြံကုန်း)

အသက်(၈၂)နှစ်

ရှမ်းပြည်နယ်၊ လားရှိုးမြို့ ဆည်မြောင်းဦးစီးဌာနနေ ဦးကျော်နိုင်ဦး(ဒု-ညွှန်မှူး၊ ဆည်မြောင်းဦးစီးဌာန၊ လားရှိုး)-ဒေါ်ငြိမ်းငြိမ်းခိုင်တို့၏မိခင်သည် ၁၅-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းထိန်-ဒေါ်မြင့်မြင့်ခိုင်
ဦးစီးအရာရှိ(မြို့ပြ)
ဆည်မြောင်းဦးစီးဌာန
မိသားစု၊ မတ္တရာမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးဇော်မင်း-ဒေါ်ငြိမ်းငြိမ်းဝင့်အောင်တို့၏မိခင် ရဟန်းဒါယိကာမကြီး ဒေါ်လှမြင့် အသက်(၆၅)နှစ် အလယ်တန်းပြ(ငြိမ်း)၊ အထက(၃) သာကေတသည် ၁၄-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတပ်ရင်းမှူးနှင့်
အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အေးကြည်သန်း (၄၉)နှစ်

ညွှန်ကြားရေးမှူး(နိုင်ငံခြားရေးဝန်ကြီးဌာန)

ရန်ကုန်မြို့နေ ဒေါက်တာဦးကံဦး(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)နှင့် ဒေါ်မြင့်မြင့်သန်းတို့၏ညီမ ဒေါ်တင်အေးကြည်သန်းသည် ၁၅-၁၀-၂၀၁၃ ရက် နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Dr. အောင်ကြည်ဝင်း၊ Dr. ကြည်ဝင်း၊ Dr. ဇော်ဝင်း၊ Dr. ဝင်းမောင်၊
Dr. လဝင်းမောင်-Dr. လှမြစ်ဦး၊ Dr. လှမြင့်၊ Dr. ခင်မွန်မွန်၊
Dr. တင်အေးမြင့်၊ Dr. ခင်မာဦး၊ Dr. နှင်းဆီအောင်၊ Dr. လှရှိန်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြိုင်(ကိုဆောင်း) အသက်(၈၉)နှစ်

ဒေါက်တာမြင့်သူမြိုင်(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးလှမြိုင်(ကိုဆောင်း)သည် ၁၄-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်ပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဒေါ်နုနုရီ(ဒု-ပါမောက္ခချုပ်)
ဒေါက်တာဒေါ်တင်ငွေးအိ(ပါမောက္ခ/ဌာနမှူး)
ပါမောက္ခ၊ ဆရာ/ဆရာမများ
ဥပဒေပညာဌာန
မန္တလေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဂါးဒီးယန်း ဦးစိန်ဝင်း

အသက်(၉၂)နှစ်

ပညာရေးအလှူရှင်၊ ကျောင်းကုန်းမြို့

ရန်ကုန်မြို့၊ အမှတ် (၂၈၃)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါက်တာဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ ပညာရေးအလှူရှင် ဂါးဒီးယန်း ဦးစိန်ဝင်းသည် ၁၇-၁၀-၂၀၁၃ရက် မွန်းလွဲ ၂း၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိန်ဝင်း-ဒေါ်မာမာကြူ
သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကျောင်းကုန်းမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်(ကော့ကရိတ်)

အသက်(၉၀)

သူရဦးအောင်ကို(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်စိန်စိန်သည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။။

ဆရာမကြီးဒေါ်ကြည်ကြည်စိန်(နဒီနက္ခတ်သင်တန်းကျောင်းအုပ်)

ဝမ်းနည်းကြေကွဲခြင်း

မြန်မာစာနယ်ဇင်းသမဂ္ဂ၏ အလုပ်အမှုဆောင် ဒေါ်အေးအေးဝင်း (အေပီသတင်းဌာန)၏ဖခင် သတင်းစာဆရာကြီး ဂါးဒီးယန်း ဦးစိန်ဝင်း (၉၂)နှစ်သည် ၁၆-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာနယ်ဇင်းသမဂ္ဂ

ဝမ်းနည်းကြေကွဲခြင်း

ဦးစိန်သန်း(နာယက)

အသက်(၉၄)နှစ်

(စလင်း)

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယနုဂ္ဂဟအသင်းကြီး၏ နာယက ဦးစိန်သန်းသည် ၁၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများ
အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည် အသက်(၈၀)

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာ

အထက(၁)ဒဂုံမိဘဆရာအသင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း) ဌာနမှူး လမ်းတံတား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါ်အေးကေခိုင်တို့၏မိခင် မောင်စစ်ထွဋ်ဦး IM(1)၊ မောင်ပိုင်ဟိဏ်းကျော်၊ မောင်ထူးအောင်လင်း V-(B) အထက(၁)ဒဂုံတို့၏ ဘွားဘွားကြီး ဒေါ်တင်ကြည်အသက်(၈၀)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁)ဒဂုံ၊ ပဓာနမတန်းအတန်းမှူးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အေးကြည်သန်း (၄၉)နှစ်

ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ဦးသန်းနိုင်(ခ)ကိုပေါက် (CAE-Project Co.Ltd.)၏ဇနီး၊ မစုနန္ဒီ၏မိခင် ဒေါ်တင်အေးကြည်သန်း(ခ)ကေသီ(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက်၉း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄/၁၉၈၅ Eng-Major မှ ကျောင်းသူ/သားသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)

ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၅၃)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းပြမှူးကြီးဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)သည် ၁၂-၁၀-၂၀၁၃(စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာချုပ်နှင့်အင်ဂျင်နီယာဌာနဝန်ထမ်းများ
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည် အသက်(၈၀)

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာ

အထက(၁)ဒဂုံမိဘဆရာအသင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း) ဌာနမှူး လမ်းတံတား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါ်အေးကေခိုင်တို့၏မိခင် မောင်စစ်ထွဋ်ဦး IM(1)၊ မောင်ပိုင်ဟိဏ်းကျော်၊ မောင်ထူးအောင်လင်း V-(B) အထက(၁)ဒဂုံတို့၏ ဘွားဘွားကြီး ဒေါ်တင်ကြည်အသက်(၈၀)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁)ဒဂုံကျောင်းအုပ်ဆရာကြီးနှင့်
မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည် အသက်(၈၀)

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာ

အထက(၁)ဒဂုံမိဘဆရာအသင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း) ဌာနမှူး လမ်းတံတား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါ်အေးကေခိုင်တို့၏မိခင် မောင်စစ်ထွဋ်ဦး IM(1)၊ မောင်ပိုင်ဟိဏ်းကျော်၊ မောင်ထူးအောင်လင်း V-(B) အထက(၁)ဒဂုံတို့၏ ဘွားဘွားကြီး ဒေါ်တင်ကြည်အသက်(၈၀)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁)ဒဂုံဆရာမဒေါ်ဝင်းမာ၊ ဒေါ်ကြူကြူဟန်၊ ဒေါ်သင်းနွယ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည် အသက်(၈၀)

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာ

အထက(၁)ဒဂုံမိဘဆရာအသင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း) ဌာနမှူး လမ်းတံတား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါ်အေးကေခိုင်တို့၏မိခင် မောင်စစ်ထွဋ်ဦး IM(1)၊ မောင်ပိုင်ဟိဏ်းကျော်၊ မောင်ထူးအောင်လင်း V-(B) အထက(၁)ဒဂုံတို့၏ ဘွားဘွားကြီး ဒေါ်တင်ကြည်အသက်(၈၀)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစံမြင့်-ဒေါ်ဝင်းမာ၊ သမီး သက်ထားစံမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ကြည် အသက်(၈၀)

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာ

အထက(၁)ဒဂုံမိဘဆရာအသင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်(ငြိမ်း) ဌာနမှူး လမ်းတံတား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဒေါ်အေးကေခိုင်တို့၏မိခင် မောင်စစ်ထွဋ်ဦး IM(1)၊ မောင်ပိုင်ဟိဏ်းကျော်၊ မောင်ထူးအောင်လင်း V-(B) အထက(၁)ဒဂုံတို့၏ ဘွားဘွားကြီး ဒေါ်တင်ကြည်အသက်(၈၀)သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် အင်္ဂပူမြို့နယ်၊ နံကပ်ကြီးကျေးရွာတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁)ဒဂုံ၊ ဆဌမတန်းအတန်းမှူးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း

ဦးညဏ်

အသက်(၉၉)နှစ်

International Business Promotion Centre အဖွဲ့ဝင်ဖြစ်သော ဦးနေဝင်း၏ဖခင်သည် ၁၇-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း။

ဥက္ကဌနှင့်အဖွဲ့ဝင်များ
International Business
Promotion Centre





အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ငွေသိန်း(သထုံမြို့)အသက်(၈၇)နှစ်

သူငယ်ချင်းကိုစောကိုကိုခိုင်(ခ)ကိုကျော်နိုင်စိုး B.E (Electronics) (၁၉၈၄-၁၉၉၃)၊ မအေးအေးအောင်မြင့်သိန်းတို့၏ မိခင်ဒေါ်ငွေသိန်းသည် ၅-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄-၁၉၉၃ရန်ကုန်စက်မှုတက္ကသိုလ်
ဘာသာရပ်ပေါင်းစုံမှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးမြင့်

အသက်(၅၃)နှစ်

အဖွဲ့ဝင်၊ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ
အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်
အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၈)နေ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မဖြိုးပြည့်ပြည့်သင်း၊ မောင်ဇေယျာမင်းတို့၏ဖခင် ဦးအေးမြင့်သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်သန်းနွဲ့
ပိုင်ဆောက်လုပ်ရေးမိသားစု

(၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင်မိခင်ကြီး ဒေါ်စောမြင့်(ခ)ဒေါ်ဟာဘီဘာ မိသားစုနှင့် မမျှော်လင့်ဘဲ ခွဲခွာခဲ့သည်မှာ ၂၁-၁၀-၂၀၁၃ ရက်တွင် (၁၂)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့မရပါ။ လွမ်းဆွတ်တမ်းတသတိရနေဆဲပါ။ မိခင်ကြီးအားရည်စူး၍ လစဉ်၊ နှစ်စဉ် မိသားစု ပြုသမျှကုသိုလ်ကောင်းမှု လှူဒါန်းမှု အစုစုတို့ကို အလ္လာဟ်သျှင်မြတ်လက်ခံတော်မူ၍ အကျိုးဆက်များ ရရှိပြီး မြင့်မြတ်သော ဂျန္နသ်သုခဘုံမှာ စံမြန်းနိုင်ပါစေ။

အာမီး(န်)
ချစ်ခင်ပွန်း-ဟာဂျီဦးအီဗရာဟင်နှင့်
ချစ်သား၊ သမီး၊ မြေး၊ မြစ်များ
(ငွေတောင်ကွမ်းသီးပွဲရုံမိသားစု)
မြိတ်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း(ဂါးဒီးယန်း)
Kyodo News (ကျောင်းကုန်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၈၃)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်နေ(ဒေါက်တာဒေါ်ခင်ခင်ထွေး)၏ခင်ပွန်း၊ ဒေါ်ရီရီဝင်း (Language Consultant)-ဦးစိုးကြူ (Sumitomo)၊ (ဦးအောင်ဝင်း)-ဒေါ်အိအိချို၊ ဒေါ်အေးအေးဝင်း (Associated Press)- ဦးမင်းဇော် (Tokyo Shimbun)၊ ဒေါ်ဖြူဖြူဝင်းတို့၏ဖခင် ဂါးဒီးယန်း ဦးစိန်ဝင်း (Kyodo News)သည် ၁၇-၁၀-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၂း၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

ဘုရားရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်မောင်(၉၆)နှစ်(မုံရွာ)

